ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ (13-8-2008) (၅၇၆၉)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန်ပြည်ထောင်စုနိုင်ငံ စစ်သံမှူးများအား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန်ပြည်ထောင်စုနိုင်ငံ စစ်သံမှူး Colonel, Daniel N. Tarter နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Colonel, Brey Sloan တို့အား ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာအမေရိကန်ပြည်ထောင်စုနိုင်ငံစစ်သံမှူး Colonel, Daniel N. Tarter နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Colonel, Brey Sloan တို့အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (အပေါ်ပုံ)

(သတင်းစဉ်)

ကျင်းပဆဲ ၂၀၀၈ခုနှစ် ပေကျင်းအိုလံပစ်အားကစားပွဲတွင် ဩဂုတ် ၁၂ရက် ပြိုင်ပွဲများအပြီး၌ အိမ်ရှင် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ရွှေတံဆိပ်(၁၃)ခု၊ ငွေတံဆိပ်(၃)ခု၊ ကြေးတံဆိပ် (၄)ခု စုစုပေါင်း ဆုတံဆိပ် (၂၀) ဖြင့် ဆက်လက် ဦးဆောင်လျက်ရှိသည်။

(ပေကျင်း အိုလံပစ်အားကစားသတင်းများ)

စာမျက်နှာ - ၉

ယနေ့ဆောင်းပါးအညွှန်း

သန်းထွန်း(ပြန်/ဆက်)၏

"ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ပြန်လည်ထူထောင်ကြပါစို့"

(ဆောင်းပါး) စာမျက်နှာ - ၆

အတည်ပြုချိန် ၅း၂၀

ကြေးမုံ The Mirror
၁၃-၈-၂၀၀၈
(ဗုဒ္ဓဟူးနေ့)

မြန်မာ့အဏ္ဏဝါမှ သယံဇာတများ တိုးတက်ထုတ်လုပ်

ယနေ့အချိန်အခါတွင် ကမ္ဘာ့နိုင်ငံအသီးသီး၌ စားနပ်ရိက္ခာ မဖူလုံမှု၊ ရာသီဥတုပြောင်းလဲနေမှု၊ သီးနှံဈေးနှုန်းများ မြင့်တက်နေမှု စသည့် ပြဿနာများနှင့် ရင်ဆိုင်ရလျက်ရှိသည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍများသည် နိုင်ငံ၏ အဓိကစီးပွားရေး လုပ်ငန်းများဖြစ်သည်။ နိုင်ငံတော်အစိုးရက ပြည်သူများ စားနပ်ရိက္ခာဖူလုံပိုလျှံရေးကို အလေးထားပြီး စိုက်ပျိုးသီးနှံများ ထုတ်လုပ်မှုမြင့်မားလာစေရန် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနေသည်။

ထို့နည်းတူ သစ်တောနှင့်မွေးမြူရေးကဏ္ဍတို့တွင် သစ်တောသယံဇာတများ ထိန်းသိမ်းရေး၊ မျိုးကောင်းမျိုးသန့် မွေးမြူထုတ်လုပ်ရေး၊ မွေးမြူရေးဆိုင်ရာ ခေတ်မီနည်းပညာများ တိုးတက်လာရေးတို့ကို စနစ်တကျ ဆောင်ရွက်လျက်ရှိရာ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေမြေရာသီဥတု ညီညွတ်မျှတရေးတွင် အကျိုးပြုလျက်ရှိသည်။

မြန်မာနိုင်ငံတွင် မြစ်ချောင်းများ မြစ်လက်တက်များ ပေါများသည့်အပြင် မြန်မာ့ပင်လယ်ပြင်သည် ကျယ်ပြန့်လှသဖြင့် ငါး၊ ပုစွန်မွေးမြူရေးနှင့် ရေချို၊ ရေငန် ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းလုပ်ငန်းများ စီးပွားဖြစ်ထုတ်လုပ်ရန် အခြေအနေကောင်းများ ပြည့်စုံသည်။

မြန်မာ့ပင်လယ်ပြင်တွင် နှစ်စဉ်ဖမ်းယူထုတ်လုပ်နိုင်သည့် ငါး၊ ပုစွန် တန်ချိန် တစ်သန်းခန့်ရှိသည်။ နိုင်ငံတော်အစိုးရ၏ နည်းပညာနှင့် ငွေကြေးပံ့ပိုးမှု၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ကိုင်မှုတို့ကြောင့် ငါးထုတ်လုပ်မှု နှစ်စဉ် တိုးတက်လျက်ရှိကြောင်း သိရသည်။

ငါးလုပ်ငန်းရှင်များက ယင်းအခြေအနေကောင်းများနှင့်အတူ ခေတ်မီမွေးမြူရေးနှင့် ငါးဖမ်းလုပ်ငန်းများ လုပ်ကိုင်လျက်ရှိရာ ပြည်တွင်းငါးစားသုံးမှု ဖူလုံ၊ ပိုလျှံသည်သာမက ပြည်ပသို့ပါ ပိုမိုတိုးတက်တင်ပို့နိုင်လျက်ရှိသည်။ မြန်မာ့ငါး၊ ပုစွန်၊ ကဏန်း စသည့် ရေထွက်ပစ္စည်းများ အဆင့်မြင့် ထုတ်လုပ်တင်ပို့ရောင်းချခြင်း၊ ခေတ်မီ ငါးဖမ်းနည်းစနစ်နှင့် မြန်မာ့အဏ္ဏဝါမှ သယံဇာတများ စနစ်တကျ ထုတ်လုပ်ခြင်းတို့ဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ငါးစားသုံးမှု ဖူလုံပိုလျှံရေးတို့တွင် ပိုမိုအကျိုးဖြစ်ထွန်းမှု ရရှိလာမည်ဖြစ်ပါသည်။ ။

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်ထံ စင်ကာပူသမ္မတနိုင်ငံ ရွှေဘုရားကျောင်းဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ Ven. Shifazhaoက လှူဒါန်းသော ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် ငွေဇင်ယော်ကျေးရွာ၌ အိမ်အလုံး၅၀ ဆောက်လုပ်ရန်အတွက် အလှူငွေကျပ် သိန်း ၃၀၀ကို ဆရာတော်ကိုယ်စားဒါယကာများက ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

စင်ကာပူနိုင်ငံ ရွှေဘုရားကျောင်းဆရာတော် လူနေအိမ်များ တည်ဆောက်ရန် အလှူငွေများပေးအပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၂

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် ငွေဇင်ယော်ကျေးရွာ၌ လူနေအိမ်များတည်ဆောက်ရန် အလှူရှင်စင်ကာပူသမ္မတနိုင်ငံ ရွှေဘုရားကျောင်းဆရာတော်မဟာသဒ္ဓမ္မဇောတိကဓဇ Ven. Shifazhaoက လူနေအိမ် အလုံး၅၀ အတွက် လှူဒါန်းသော အလှူငွေကျပ်သိန်း ၃၀၀ကို ဆရာတော်ကိုယ်စား ဒါယကာများဖြစ်ကြသော ဦးထိန်လင်းနှင့် ဦးလှသိန်းတို့က ဩဂုတ် ၁၀ ရက် ညနေ ၃နာရီတွင် ရန်ကုန်မြို့ရှိ သာသနာရေးဝန်ကြီးဌာန (ရန်ကုန်ရုံးခွဲ) ဝန်ကြီးရုံးဧည့်ခန်းမသို့ လာရောက် ပေးအပ်လှူဒါန်းကြရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ (သတင်းစဉ်)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း စာသင်ကျောင်းများ ပြန်လည်ပြုပြင်ဆောက်လုပ်ရန် ထောက်ပံ့ငွေများပေးအပ်

နေပြည်တော် ဩဂုတ် ၁၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၁၀ ရက်တွင် ပဲခူးမြို့နယ် အင်းဝင်ရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်းသို့ သွားရောက်၍ လေဘေးကြောင့် ပျက်စီးသွားသော စာသင်ဆောင်များ ပြန်လည်ပြုပြင်ရန် ထောက်ပံ့ငွေကျပ် သိန်း ၂၀ ကို ကျောင်းအကျိုးတော်ဆောင် ဦးအောင်ဆန်းထံ ပေးအပ်သည်။

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ဝေါမြို့နယ် အဗျားငှက်ချေးဝင်းကျေးရွာ တွဲဖက်အခြေခံပညာ အထက်တန်းကျောင်း စာသင်ဆောင်များ ပြန်လည် ပြုပြင်ရန်အတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းစဉ်။ (ရထားပို့ဆောင်ရေး)

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးမြို့ အမှတ်(၈) အခြေခံပညာ မူလတန်းကျောင်းသို့ သွားရောက်၍ ပျက်စီးသွားသည့် စာသင်ဆောင်များပြုပြင်ရန် ထောက်ပံ့ငွေကျပ်၁၀ သိန်းကို ကျောင်းအုပ်ကြီး ဦးလှသစ်ထံ ပေးအပ်သည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးမြို့နယ် မိုးကွဲကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းပျက်စီးမှုကို ကြည့်ရှုကာ ပြန်လည်ပြုပြင်ဆောက်လုပ်ရန်အတွက် ထောက်ပံ့ငွေကျပ် သိန်း ၃၀ ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်စန်းနှင့် ကျောင်းအကျိုးတော်ဆောင် ဦးသန်းထွေးတို့ထံ ထောက်ပံ့ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ဝေါမြို့နယ် အဗျားတမံကြီးကျေးရွာအခြေခံပညာ မူလတန်းကျောင်း စာသင်ဆောင်များ ပြန်လည်ပြုပြင်ရန် ကျောင်းအကျိုးတော်ဆောင် ဦးအုန်းခိုင်ထံသို့ ထောက်ပံ့ငွေကျပ် ခုနစ်သိန်း၊ ဖိုးဦးစိန်ကျေးရွာ တွဲဖက်အခြေခံပညာ အထက်တန်းကျောင်း ပြန်လည်ပြုပြင်ရန် ကျောင်းအကျိုးတော်ဆောင် ဦးသက်နိုင်ထံသို့ ထောက်ပံ့ငွေကျပ် ၁၂ သိန်းတို့ကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ဝေါမြို့နယ် အဗျားငှက်ချေးဝင်းကျေးရွာ တွဲဖက်အခြေခံပညာ အထက်တန်းကျောင်း စာသင်ဆောင်များ ပြန်လည်ပြုပြင်ရန် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဝေထံသို့ ထောက်ပံ့ငွေကျပ် ၁၀သိန်း၊ ဆင်ရွာ အခြေခံပညာအထက်တန်းကျောင်းခွဲပြန်လည်ပြုပြင်ရန် ကျောင်းအုပ် ဆရာကြီး ဦးတင်သိန်းဦးထံသို့ ထောက်ပံ့ငွေကျပ် ၁၂ သိန်းတို့ကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ဝေါမြို့နယ် သပြေကန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းပြန်လည်ပြုပြင်ရန်ထောက်ပံ့ငွေကျပ် ကိုးသိန်းကို ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးစိုးနွယ်နှင့်ကျောင်းအကျိုးတော်ဆောင် ဦးစိုးမြင့်တို့ထံ ထောက်ပံ့ပေးအပ်သည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ပဲခူးမြို့ မြို့တွင်း အနောက်(ခ)၊ အခြေခံပညာ မူလတန်းလွန်ကျောင်း စာသင်ဆောင်များ ပြန်လည်ပြုပြင်ရန် ထောက်ပံ့ငွေကျပ်ငါးသိန်းကို ကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းနွယ်နှင့် ကျောင်းအကျိုးတော်ဆောင် ဦးထွန်းရီတို့ထံ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ပဲခူးမြို့ မင်္ဂလာရာမကျောင်းတိုက် အလယ်တန်းအဆင့် ဘုန်းတော်ကြီးသင် စာသင်ကျောင်းသို့ရောက်ရှိပြီး ဆရာတော် ဗဟုဇနဟိတရေအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနန္ဒဝံသအား ဖူးမြော်ကြည်ညိုကာ အလှူငွေကျပ်၁၀သိန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပညာဒါနသင်တန်း ဖွင့်လှစ်ပို့ချမည်

ရန်ကုန် ဩဂုတ် ၁၂

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ဆ/ခရပ်ကွက် လေးဒေါင့်ကန်လမ်းမကြီး (ဘဝမြင့်မှတ်တိုင်အနီး)ရှိ ရတနာသိဒ္ဓိ ပရိယတ္တိစာသင်တိုက်၌ ပဓာနနာယကဆရာတော် ဦးစီး၍ ပညာဒါန သင်တန်းများအဖြစ် အင်္ဂလိပ်၊ ဂျပန်၊ ကိုရီးယား၊ တရုတ်ဘာသာ (အရေး၊ အပြော၊ အဖတ်) သင်တန်းများကို ဩဂုတ် ၁၆ ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါ ပညာဒါနသင်တန်းများတွင် Top English Magazine အယ်ဒီတာချုပ် ဦးမိုးမြင့်မောင် (ဆရာဝီလျံ)နှင့် ဦးစိုးငြိမ်း (Sakura) တို့ အပါအဝင် ဆရာ၊ ဆရာမများက ပညာဒါနအဖြစ် သင်ကြားပို့ချမည်။ သင်တန်းနှင့် ပတ်သက်၍ ဖုန်း- ၅၆၀၇၄၃ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း လသာမြို့နယ် ကျောင်းကျန်းမာရေး ရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် GRADE-4 ကျောင်းသူများအား ပဲနို့နှင့် ပေါင်မုန့်များ အာဟာရအဖြစ် တိုက်ကျွေးရာ ကျောင်းအုပ် ဆရာမကြီး ဒေါက်တာသိဂီကျော် ကြည့်ရှုအားပေးစဉ်။ (ကြေးမုံ)

ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှု လသာမြို့နယ် အမှတ်(၂)အထက၌ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၂

၂၀၀၈-၂၀၀၉ ပညာသင်နှစ် ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် လသာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ဩဂုတ် ၁၁ ရက်မှ စတင်၍ ၁၅ရက်အထိ ကျင်းပလျက်ရှိသည်။ ဩဂုတ် ၁၁ ရက်တွင် ကျန်းမာရေးပညာပေးပြခန်း ဖွင့်လှစ်ပြသပြီး ကျောင်းသူများအားအာဟာရကျွေးခြင်း၊ ကိုယ်ကာယတိုင်းခြင်း၊ အရပ်တိုင်းခြင်း ပြုလုပ်သည်။

ရက်သတ္တပတ်လှုပ်ရှားမှု အစီအစဉ်အရ ဩဂုတ် ၁၂ရက်တွင် စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကျင်းပသည်။ ဩဂုတ် ၁၃ ရက်တွင် 'ဖုံး-သွန်-လဲ-စစ်' လုပ်ငန်းနှင့် တစ်ကျောင်းလုံး သန့်ရှင်းရေးပြုလုပ်ခြင်း၊ ဩဂုတ် ၁၄ရက်တွင် 'ရည်ညွှန်းသုံးကာအဖြေရှာ' ကျန်းမာရေး အသိပညာဉာဏ်စမ်းပြိုင်ပွဲ ကျင်းပခြင်း၊ ကျောင်းမုန့်ဈေးဆိုင် ဈေးသည်များအား ကျန်းမာရေး အသိပညာပေးဟောပြောခြင်းနှင့် ဩဂုတ် ၁၅ ရက်တွင် ကျောင်းကျန်းမာရေး အသိပညာပေးဟောပြောပွဲ၊ ဆုပေးပွဲနှင့် ပညာပေး အထောက်အကူ သရုပ်ပြကွက်များတင်ဆက်ခြင်းတို့ ပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်းအတွင်း လေဘေးသင့်မြို့နယ်များတွင် ရေလုပ်ငန်း ပြန်လည်ထူထောင်ရေးအတွက် ငါးဖမ်းစက်လှေနှင့် ငါးဖမ်းကိရိယာများ လွှဲပြောင်းပေးအပ်ပွဲတွင် ပြသထားသည့် ငါးဖမ်းကိရိယာများနှင့် ရေလုပ်ငန်းသုံး ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းအတွင်း လေဘေးသင့်မြို့နယ်များ၌ ရေလုပ်ငန်းပြန်လည်ထူထောင်ရေး ငါးဖမ်းစက်လှေနှင့် ငါးဖမ်းကိရိယာများလွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၁၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ဩဂုတ် ၁၁ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပသည့် ရန်ကုန်တိုင်းအတွင်း လေဘေးသင့်မြို့နယ်များတွင် ရေလုပ်ငန်းပြန်လည်ထူထောင်ရေးအတွက် ငါးဖမ်းစက်လှေနှင့် ငါးဖမ်းကိရိယာများ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်တောင်ပိုင်း ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး မြင့်ဆွေက အမှာစကား ပြောကြားရာ၌ ပြီးခဲ့သည့် မေ ၂ ရက်နှင့် ၃ ရက်တို့တွင် တိုက်ခတ်ခဲ့သည့်မုန်တိုင်းဒဏ်ကြောင့် မြန်မာနိုင်ငံရှိ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့၌ ထိခိုက်ပျက်စီးဆုံးရှုံးမှုကြီးမားစွာဖြစ်ပေါ်ခဲ့ရကြောင်း၊ နှစ်ပေါင်းများစွာအတွင်းကြီးမားသော ပျက်စီးဆုံးရှုံးမှုဖြစ်ကြောင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့သည် နိုင်ငံ၏ စီးပွားရေး အချက်အချာကျသည့် တိုင်းနှစ်တိုင်းဖြစ်ကြောင်း။

ထိုသို့ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သဖြင့် ဆန်စပါးနှင့်ရေလုပ်ငန်းများသည်လည်းအထိုက်အလျောက်ထိခိုက်ဆုံးရှုံးခဲ့ရကြောင်း၊ ပျက်စီးဆုံးရှုံးမှုများကို မူလအခြေအနေအတိုင်း အမြန်ဆုံး ရောက်ရှိအောင် နိုင်ငံတော်က ဆောင်ရွက်လျက်ရှိကြောင်း။

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ၏ လမ်းညွှန်ချက်အရလေဘေးသင့်ဒေသများ၌ ရေလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရေးအတွက်မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန၏ ကြီးကြပ်ကွပ်ကဲမှုဖြင့်ငါးလုပ်ငန်းဦးစီးဌာနနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်းပြီး ရေလုပ်ငန်းပြန်လည်ထူထောင်ရေးကိုအထူးလုပ်ငန်းတစ်ရပ်အနေဖြင့် စီမံချက်ချ ဆောင်ရွက်လျက်ရှိသည်ဟု သိရှိရကြောင်း။

ရည်ရွယ်ချက်မှာ ငါးလုပ်ငန်းများကို လေဘေးမသင့်မီ အခြေအနေ (မူလအနေအထား)သို့ ပြန်လည်ရောက်ရှိစေရေးအတွက် ကူညီထောက်ပံ့ရန်၊ လေဘေးသင့် ရေလုပ်သားကြီးများအား ၎င်းတို့၏လက်ငုတ်လက်ရင်းလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေးအတွက် ဆုံးရှုံးသွားသောလုပ်ငန်းသုံးပစ္စည်းများကို အတတ်နိုင်ဆုံး ကူညီထောက်ပံ့ပေးရန်၊ လေဘေးသင့် ရေလုပ်သားကြီးများ၏ လုပ်ငန်းများအား ပြန်လည်ထူထောင်ရန် လိုအပ်သော ငွေကြေးချေးငှား/ ထောက်ပံ့မှုများအား မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်နှင့် ချိတ်ဆက်၍ အကူအညီပေးရန်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် စေတနာရှင် အလှူရှင်များ၏ အကူအညီရယူကာ ထောက်ပံ့ကူညီရန်နှင့် နိုင်ငံတော်အဆင့် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီနှင့် အထက်ဌာနများ၏လမ်းညွှန်ချက်နှင့်အညီလေဘေးသင့်ရေလုပ်သားကြီးများအား ကူညီပေးခြင်းတို့ကို ဆောင်ရွက်ရန်တို့ဖြစ်ကြောင်း။

လက်လုပ်လက်စား ရေလုပ်သားများအတွက် ငါးဖမ်းကိရိယာများဖြစ်သည့် ဂေါ်ထိုး/ရင်တွန်း၊ ကွန်၊ ဘဝင်းစသည့် လိုအပ်သည့်အရေအတွက် ၁၁၉၉ခုကို ဖြန့်ဝေပြီးဖြစ်သည်ဟု သိရှိရကြောင်း၊ ပင်လယ်ကမ်းနီးနှင့် မြစ်တွင်းငါးဖမ်းပိုက်ဖြစ်သည့် ကျားပိုက်၊ ငါးသလောက်ပိုက်၊ ငါးပုတ်သင်ပိုက်၊ ပုစွန်ပိုက်နှင့်ငါးမုတ်ပိုက် လိုအပ်ချက် ၇၁၅ ဖုံအပေါ် ၈၀ ရာခိုင်နှုန်း ဖြန့်ဝေပြီးဖြစ်ကြောင်း။

စက်တပ်လှေ ဖြန့်ဝေမှုတွင် စုစုပေါင်း အစင်းရေ ၄၃၃ စင်း လျာထားပြီး ကွမ်းခြံကုန်း၊ ကော့မှူး၊ တွံတေးနှင့် ကျောက်တန်းမြို့နယ်များ၌ ၃၀၄ စင်း ဖြန့်ဝေပြီးဖြစ်ကြောင်း၊ ယနေ့ အခမ်းအနားတွင် စက်တပ်လှေ ၅၂ စင်းနှင့် ငါးဖမ်းပိုက် အမယ်စုံ ၂၅၃ ဖုံ ဖြန့်ဝေပေးမှာဖြစ်ကြောင်း၊ ထို့ကြောင့် စက်တပ်လှေ စုစုပေါင်း ၃၅၆ စင်း ဖြန့်ဝေပြီးဖြစ်၍ ဖြန့်ဝေရန် ၇၇ စင်းသာ ကျန်ရှိကြောင်း၊ မကြာမီ ကျန်သည့် ၇၇ စင်းကိုလည်း ဖြန့်ဝေသွားမှာဖြစ်ကြောင်း၊ ထို့ပြင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနက ရန်ကုန်တိုင်းအတွက် လိုအပ်သလို အသုံးပြုနိုင်ရန် ငါးဖမ်းပိုက်ကွန် အလက် ၂၀၀ ကိုလည်း ယခု အခမ်းအနားတွင် ပေးအပ်သွားမည်ဖြစ်ကြောင်း။

လေဘေးသင့်ဒေသများရှိ မိမိတို့၏ သွေးသားရင်းချာများအား တစ်နိုင်ငံလုံးရှိ တိုင်းရင်းသား ညီအစ်ကိုများက ဝိုင်းဝန်းကူညီ ထောက်ပံ့မှုများ ပေးနေသကဲ့သို့ နိုင်ငံတကာကပါ ဝိုင်းဝန်းကူညီပေးလျက်ရှိကြောင်း၊ ရေလုပ်ငန်း ပြန်လည်ထူထောင်ရေးတွင် စေတနာအပြည့်အဝဖြင့် ပူးပေါင်းကူညီ ဆောင်ရွက်ခဲ့ကြသည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်ပြည်သူများအား အထူးပင် ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်ထံ ငါးဖမ်းစက်လှေ ၅၂ စင်းနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနကလှူဒါန်းသည့်ပိုက်ကွန်အလက် ၂၀၀ တို့ကို ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေးကလည်းကောင်း၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ကလှူဒါန်းသည့်ကွင်းတားနှင့် ရင်တွန်းပိုက်အဖုံ ၉၈၀ ကို ဒုတိယဥက္ကဋ္ဌ(၂)ဦးသန်းလွင်က လည်းကောင်း လွှဲပြောင်းပေးအပ်ကြသည်။

ယင်းနောက် ကျောက်တန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ခင်က ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ခန်းမအပြင်ဘက်၌ပြသထားသော ငါးဖမ်းစက်လှေ၌ တပ်ဆင်မည့် အင်ဂျင်စက်နှင့် ပန်ကာများ၊ မြန်မာ့ရေချိုငါးဖမ်းကိရိယာများ၊ ရေလုပ်ငန်းပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း မှတ်တမ်းတင်ပုံ၊ ကမ်းဆွဲပိုက်၊ လက်ပစ်ကွန်၊ ရင်တွန်းပိုက်၊ ကွင်းတားပိုက်၊ မျှောပိုက်နှင့် ရေလုပ်ငန်းသုံးပစ္စည်းများကို လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကျိုက်မှော်ဝန်း ရေလယ်ဘုရားကူးတို့ ဆိပ်ကမ်းသို့ ရောက်ရှိကြပြီး ဒုတိယ ဗိုလ်ချုပ်ကြီး မြင့်ဆွေသည် လွှဲပြောင်းပေးအပ်သည့် ငါးဖမ်းစက်လှေနှင့် ဦးချွန်း ပဲ့ချွန်းလှေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကျိုက်မှော်ဝန်းရေလယ် ဘုရားသို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ကျိုက်မှော်ဝန်း ရေလယ်ဘုရားရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ရေချမ်း၊ ဆီမီးများဖြင့် ဆက်ကပ်လှူဒါန်းပြီး ဖူးမြော်ကာ လက်ယာရစ်လှည့်လည်ကြည်ညိုသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကျောက်တန်းရှိ အောင်မိုးခိုင်ကုမ္ပဏီ ကဏန်း မွေးမြူရေးကန်သို့ ရောက်ရှိကြပြီး တာဝန်ရှိသူများက ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အား ကျောက်တန်း ကဏန်းမွေးမြူထုတ်လုပ်ရေးဇုန်အခြေအနေ ကျောက်တန်းမြို့နယ်အတွင်းရှိ ဇုန်အလိုက် ငါး၊ ပုစွန်၊ ကဏန်း ကန်များ တည်ရှိမှုအခြေအနေ၊ အောင်မိုးခိုင်ကုမ္ပဏီ၏ ကဏန်းအခွံပျော့မွေးမြူရေးလုပ်ငန်းအခြေအနေများနှင့် စပ်လျဉ်း၍ ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး ပြန်လည် ထွက်ခွာသွားသည်။ (သတင်းစဉ်)

(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ပြုပြင်ရန်အတွက် ကြည့်မြင်တိုင်မြို့နယ် သရက်တော(၃)လမ်းနေ ဦးပေါ၊ ဒေါ်မြရင်၊ ညီမဒေါ်ခင်ရွှေ၊ ဒေါ်စန်းမြင့် သား၊ သမီး၊ မြေးတစ်စုက အလှူငွေကျပ် ၁၂၀၀၀၀ ကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးမောင်လှိုင်နှင့် ဦးသန်းလွင်တို့ လက်ခံယူစဉ်။ (ကြေးမုံ)

ဧရာဝတီတိုင်းဓမ္မာရုံ ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဩဂုတ် ၁၂

ဧရာဝတီတိုင်းဓမ္မာရုံ ထိန်းသိမ်းစောင့်ရှောက်ရေး အကျိုးတော်ဆောင် အဖွဲ့နှင့် ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်အသင်းများ (ရန်ကုန်)တို့ စုပေါင်း၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် ဘဒ္ဒန္တဩဘာသိဝံသ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော် ၁၆ပါး၊ ရန်ကုန်တိုင်း သံဃနာယကဥက္ကဋ္ဌနှင့် မြို့နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော် နှစ်ပါး စုစုပေါင်း ဆရာတော် ၁၈ ပါးတို့အား နဝမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၁၇ရက် နံနက် ၉နာရီ တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ် ၂၁/၄၃စီ ကြားတောရလမ်းရှိ ဧရာဝတီတိုင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်အသင်းများနှင့် မြို့နယ်သူ၊ မြို့နယ်သား အားလုံးတို့သည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ လာရောက်ကြည်ညို နိုင်ကြရန်နှင့် သင်္ကန်း၊ ဆွမ်း၊ ဝတ္ထုငွေများ ပါဝင်လှူဒါန်းလိုပါက အကျိုးတော်ဆောင်အဖွဲ့ ဖုန်း - ၃၇၀၅၇၉၊ ၃၈၁၃၆၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ရန်ပုံငွေပေးလှူပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၂

မြန်မာနိုင်ငံရေကြောင်းအင်ဂျင်နီယာ အသင်း၏ ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် လေဘေးသင့်မိဘမဲ့ကလေးများအတွက် ရန်ပုံငွေပေးလှူပွဲကို ဩဂုတ် ၁၇ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ဒဂုံမြို့သစ် မြောက်ပိုင်းမြို့နယ် (၃၃) ရပ်ကွက် ဘေလီတံတားထိပ်ရှိ အမှတ်(၁၀)"သီတဂူသာသနာ့ဗိမာန်"၌ ကျင်းပမည်ဖြစ်ပါ၍ အသင်းသားများ တက်ရောက်ပါရန်နှင့် သင်္ကန်းတစ်စုံလျှင် ငွေကျပ် ၇၅၀၀ နှုန်းဖြင့် ဦးရဲမြင့်ဖေ ဖုန်း-၀၉-၈၀၃၂၄၉၁၊ ဦးတင်မောင်ဦး ဖုန်း-၀၉-၈၀၂၄၄၀၆၊ ဦးဝင်းငွေ ဖုန်း-၀၉-၈၀၃၀၃၂၆ အသင်းအမှုဆောင်များသို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန်ပြည်ထောင်စုနိုင်ငံ စစ်သံမှူး Colonel, Daniel N. Tarter အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။(သတင်းရှေ့ဖုံး) (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန်ပြည်ထောင်စုနိုင်ငံ စစ်သံမှူး အသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Colonel, Brey Sloan အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။(သတင်းရှေ့ဖုံး) (သတင်းစဉ်)

ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားမှုနှင့် ကျောင်းကျန်းမာရေးစံပြဆုရကျောင်းများ ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၁၂

ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီက ကြီးမှူးကျင်းပသော ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ရန်ကုန်တိုင်း ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုနှင့်ကျောင်းကျန်းမာရေး စံပြဆုရကျောင်းများ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ဒဂုံသီရိခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းမှူးက ကျောင်းကျန်းမာရေးအထက်တန်းအဆင့် စံပြထူးချွန် အဆင့်မြင့်ဆုရ ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊စံပြထူးချွန်ဆုရ လှိုင်သာယာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့်အထက်တန်းအဆင့် စံပြပထမဆု ရရှိသော စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ ဗိုလ်တထောင်မြို့နယ် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း၊ ဒုတိယဆုရရှိသော တာမွေမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ တတိယဆုရရှိသောကွမ်းခြံကုန်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် နှစ်သိမ့်ဆုရရှိသော မင်္ဂလာဒုံမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတို့ကို ဆုများချီးမြှင့်သည်။

ယင်းနောက်တိုင်းမှူး၏ ဇနီး ဒေါ်ကြင်မြိုင်နှင့် တာဝန်ရှိသူများက အလယ်တန်းအဆင့် စံပြထူးချွန်ဆုရ ရန်ကင်းပညာရေးကောလိပ်လေ့ကျင့်ရေး အလယ်တန်းကျောင်းနှင့်အလယ်တန်းအဆင့် စံပြဆုရ ကျောင်းများကိုလည်းကောင်း၊ မူလတန်းအဆင့်စံပြထူးချွန်ဆုရ သင်္ဃန်းကျွန်းမြို့နယ် အမှတ်(၈) အခြေခံပညာ မူလတန်းကျောင်းနှင့် မူလတန်းအဆင့်စံပြဆုရ ကျောင်းများကိုလည်းကောင်း ဆုများအသီးသီးချီးမြှင့်ကြပြီး ပညာသင်နှစ်ကျောင်းကျန်းမာရေးလုပ်ငန်းဆောင်ရွက်မှုထူးချွန် ကျောင်းအုပ်ဆုများနှင့် ထူးချွန်ဆရာမများကို ဆုများအသီးသီး ချီးမြှင့်ကြသည်။

အစီအစဉ်အရ ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်က ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုနှင့်စံပြကျောင်းများ ရွေးချယ်ခြင်းလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးတင်ပြပြီး ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူလေးများက ကျောင်းကျန်းမာရေး တေးသရုပ်ဖော်ဖြင့် တင်ဆက်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၏ ကျောင်းကျန်းမာရေးလှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ၊ ကျောင်းသား၊ ကျောင်းသူလေးများ၏ ပညာပေး သရုပ်ဖော်ပြကွက်များနှင့် ကျောင်းမုန့်ဈေးတန်းတို့ကို လှည့်လည်ကြည့်ရှုကြသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ရန်ကုန်တိုင်းကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုနှင့် ကျောင်းကျန်းမာရေးစံပြဆုရ ကျောင်းများ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ကျောင်းကျန်းမာရေး အထက်တန်းအဆင့် စံပြထူးချွန် (အဆင့်မြင့်) ဆုရကျောင်းများကို ဆုများပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၈-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

AM & PM	
၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"ခန္ဓာအိမ်ရခြင်း၏အကြောင်းရင်းရှာ"တရားတော် (ပြည်တွင်းပြည်ပသာသနာပြုအောင်ဆန်း ဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၈း၀၅ - ၂း၀၅	တိုးတက်စည်ပင် ပတ္တမြားမြေတစ်ခွင်
၈း၂၀ - ၂း၂၀	သီချင်းကောင်းကောင်းသီချင်းတောင်း
၈း၄၅ - ၂း၄၅	Industrial Talk [ဦးတင်လှိုင်၊ ဦးတင်အောင်ရွှေ (သုတေသီ)]
၉း၁၅ - ၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅ - ၃း၂၅	ဉာဏ်ရည်မြင့်မား မျိုးဆက်သစ်လူငယ်များ
၉း၄၀ - ၃း၄၀	တေးဂီတအစီအစဉ်
၉း၄၅ - ၃း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၀ - ၃း၅၀	မြူတိမ်ကင်းသောနေ့ (အကယ်ဒမီထွန်းထွန်းဝင်း၊ မင်းထက်ကျော်ဇင်၊ စိုးမိုးကြည်၊ ပုလဲဝင်း) [ဒါရိုက်တာသိန်းဟန် (ဖီးနစ်)]
၁၀း၀၀ - ၄း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅ - ၄း၀၅	မိုးလေဝသခန့်မှန်းချက်
၁၀း၁၀ - ၄း၁၀	ဆန်းသစ်အလှတိုး ရွှေချည်ထိုး
၁၀း၂၀ - ၄း၂၀	တေးဂီတအစီအစဉ်
၁၀း၃၅ - ၄း၃၅	အရက်အန္တရာယ် (သိပ္ပံမှူးတင်)
၁၀း၅၅ - ၄း၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၅ - ၅း၀၅	စားချင်စဖွယ် နည်းအသွယ်သွယ် (ငါးပါးနီအသားလွှာပေါင်းနှင့် ငါးရိုးဟင်းချို)
၁၁း၂၀ - ၅း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅ - ၅း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၀ - ၅း၃၀	ယဉ်ကျေးလိမ္မာ ကလေးကဗျာ (ဦးတင်ချိုဦးနှင့် တွေ့ဆုံခြင်း)
၁၁း၅၅ - ၅း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀ - ၆း၀၀	ဇီဝမြေသြဇာ၏ အကျိုးပြုပုံနှင့်ထူးခြားမှုဖြစ်စဉ်များ
၁၂း၁၅ - ၆း၁၅	Myanmar Video Rhythm
၁၂း၄၀ - ၆း၄၀	တိကျသက်သာတက္ကစီမီတာ
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Beijing Olympic 2008 အားကစားပြိုင်ပွဲအစီအစဉ်များ

ညနေ	အကြောင်းအရာ	ပြသမည့်လိုင်း
၃း၃၀	Beijing Olympic 2008 အားကစားပြိုင်ပွဲ အစီအစဉ်များ	MRTV-4 (Live)

ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ ကာကွယ်ရေးအသင်း အနိုင်ရ၊ လူမှုဝန်ထမ်းနှင့် သတ္တုတွင်းတို့ တစ်ဂိုးစီသရေကျ

နေပြည်တော် ဩဂုတ် ၁၂

၂၀၀၈ခုနှစ် ဒုတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲကို ယနေ့ ညနေ ၃ နာရီခွဲတွင် ဆက်လက်ကျင်းပရာ နေပြည်တော် အားကစားပြိုင်ကွင်း၌ အုပ်စု(စ)တွင် ကာကွယ်ရေးဝန်ကြီးဌာန ဘောလုံးအသင်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဘောလုံးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ပေါင်းလောင်းအားကစားပြိုင်ကွင်း၌(စ)အုပ်စုတွင် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘောလုံးအသင်းနှင့် သတ္တုတွင်းဝန်ကြီးဌာန ဘောလုံးအသင်းတို့ တစ်ဂိုးစီဖြင့် သရေကျသွားသည်။

၁၃-၈-၂၀၀၈

(နေပြည်တော်ကွင်း)

(ဆ)အုပ်စု

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းနှင့် ပြည်ထဲရေး

(ပေါင်းလောင်းကွင်း)

(ဆ)အုပ်စု

နိုင်ငံခြားရေးနှင့် သိပ္ပံနှင့်နည်းပညာ

(၁၀၇)

သမထဝိပဿနာသင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၂

ကျေးဇူးရှင်လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာ တရားတော်ကို ကမ္မဋ္ဌာန်းနည်းပြဆရာ ဦးကျော်နိုင်ထွန်းက ဩဂုတ် ၁၅ရက်မှ ၂၄ရက်အထိ မွန်းတည့် ၁၂ နာရီမှ ညနေ ၅နာရီအထိ စမ်းချောင်းမြို့နယ် မင်းလမ်း အမှတ်(၁၄) ဒုတိယလွှာတွင် ဓမ္မဒါနပြုမည်ဖြစ်၍ မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်းနှင့် ဖုန်း-၅၁၉၀၉၆သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ကြက်ရှာကျေးရွာနှင့် လှိုင်းဘုန်းကျေးရွာ ပြန်လည်တည်ဆောက်ရေး ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် လုပ်ငန်းများ စစ်ဆေး

နေပြည်တော် ဩဂုတ် ၁၂

အမျိုးသား သဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် မော်လမြိုင်ကျွန်းမြို့၌ အခြေပြုလျက်ရှိရာမှ ဩဂုတ် ၁၁ရက် နံနက် ၇နာရီတွင် မော်လမြိုင်ကျွန်းမြို့နယ် ကြက်ရှာကျေးရွာ လူနေအိမ်ရာတည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်၌ မုန်တိုင်းကြောင့် ငါးဖမ်းလှေနှင့် ငါးဖမ်းပိုက်များ ဆုံးရှုံးခဲ့ရပြီး နိုင်ငံတော်မှ စက်တပ်ငါးဖမ်းလှေနှင့် ငါးဖမ်းပိုက်များ ထောက်ပံ့ပေးခဲ့သော ကြက်ရှာကျေးရွာအုပ်စုအတွင်းရှိ ကြက်ရှာရွာမ၊ အောင်သုခ၊ဓနိချောင်း၊ မာလိန်၊ ရေကျော်တိန်၊ ကနစိုချောင်း၊ ကျွန်းချောင်း ၊ ပေချောင်း၊ ညီနောင်လေး၊ညီနောင်ကြီး၊ ပေါင်တစ်ချောင်း၊ တစ္ဆေချောင်း၊ အောင်လှိုင်၊ဂေါ်တူ၊ ကနစိုချောင်းလေးနှင့် မဏ္ဍပ်ချောင်းကျေးရွာများမှ ရေလုပ်သား ၁၄၅ဦးနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံပြီး မူလလူနေမှုဘဝထက်မြင့်မားအောင် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးနေမှုကို အရှိန်မြှင့်တင်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ကြရန်နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ကြက်ရှာရွာမကျေးရွာမှ တောင်သူဦးစိုးနိုင်၏ လယ်မြေ ၁၁ဧက၌ ထွန်တုံးပိတ်ထွန်ယက်နေမှုနှင့် စုပေါင်းပျိုးနုတ်ကောက်စိုက်မှုကို ကြည့်ရှုအားပေးသည်။ ဆက်လက်၍ ဝန်ကြီးသည် ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက်မှ လှူဒါန်းပြီး တီဇက်တီအမ် ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူ ဆောက်လုပ်လျက် ရှိသော ကြက်ရှာကျေးရွာ လူနေအိမ်အလုံး ၁၅၀တည်ဆောက်ရေး လုပ်ငန်းခွင်၌ ဆောက်လုပ်ပြီးစီးပြီဖြစ်သော လူနေအိမ်အလုံး ၁၀၀ကို ကြည့်ရှုစစ်ဆေးပြီး မြစ်အတွင်းမှ သဲစုပ်လှေများဖြင့် သဲများစုပ်တင်ကာ ကျေးရွာအတွင်း လမ်းများ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် ဆောက်လုပ်ပြီးအိမ်ရာများသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိသော လေဘေးသင့်ပြည်သူများအား နှုတ်ဆက်အားပေးစကား ပြောကြားကာ လှိုင်းဘုန်းကျေးရွာသို့ ဆက်လက်ထွက်ခွာသည်။

ဝန်ကြီးနှင့် အဖွဲ့သည် လှိုင်းဘုန်းကျေးရွာရှိ Original Group ကုမ္ပဏီ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး လေဘေးသင့်ပြည်သူများအတွက် ဆီ၊ ခေါက်ဆွဲခြောက်၊ အဝတ်အထည်များ၊ လူသုံးပစ္စည်းများ၊ ငါးသေတ္တာဘူးများ၊ ဓာတ်ဆားထုပ်များကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် Original Group ကုမ္ပဏီက တည်ဆောက်လျက်ရှိသော လူနေအိမ် ၁၅၀တည်ဆောက်မှုအခြေအနေများကို သွားရောက် စစ်ဆေးပြီး ရွာတွင်းလမ်းများ အဆင့်မြှင့်တင်ဖောက်လုပ်ရန်နှင့် လူနေအိမ်ဝင်းများအတွင်း သဲမှုတ်တင်ရန် ပြင်ဆင်ဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် အထက်တန်းကျောင်းခွဲ၌ ကျောင်းသား၊ ကျောင်းသူများ စာသင်ကြားမှု အခြေအနေကို ကြည့်ရှုအားပေးပြီး လှိုင်းဘုန်းကျေးရွာ၌ ကျန်းမာရေးစောင့်ရှောက်မှုများ လာရောက်ကူညီနေသော ရန်ကုန်မြို့ ပင်လုံဆေးရုံကြီးနှင့် ရွှေဂုံတိုင်ဆေးရုံကြီးမှ ဒေါက်တာဦးစိုးတင် ဦးဆောင်သော ကျန်းမာရေးအဖွဲ့အား နှုတ်ဆက်အားပေးသည်။

ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ညနေ ၄နာရီတွင် မော်လမြိုင်ကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး မော်ဇရာခန်းမ၌ကျင်းပသည့် မုန်တိုင်းကြောင့် အသက်အိုးအိမ်အများဆုံး ထိခိုက်ဆုံးရှုံးခဲ့ရသော ကျေးရွာအုပ်စု ၁၆ အုပ်စုမှ မော်လမြိုင်ကျွန်းမြို့ပေါ် အထက်တန်းကျောင်းများ၌တက္ကသိုလ်ဝင်တန်း တက်ရောက်သင်ကြားနေကြသော ကျောင်းသား၊ ကျောင်းသူများအား ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍အမှာစကားပြောကြားပြီး လေဘေးသင့် ကျောင်းသား ကျောင်းသူများအတွက် မော်လမြိုင်ကျွန်းမြို့မှ အလှူရှင်များက အလှူငွေများပေးအပ်ရာ ဝန်ကြီးက လက်ခံသည်။ ထို့နောက် ဝန်ကြီးက လေဘေးသင့် ကျေးရွာအုပ်စု ၁၆ အုပ်စုမှ ကျောင်းသား၊ ကျောင်းသူများသို့ ထောက်ပံ့ငွေ၊ ကျောင်းဝတ်စုံ၊ စာအုပ်နှင့် စာရေးကိရိယာများ၊ ဆန်၊ ဆီ၊ စားသောက်ကုန်များ၊ အဝတ်အထည်များနှင့် လူသုံးကုန်ပစ္စည်းများကို ပေးအပ်သည်။

မော်လမြိုင်ကျွန်းမြို့နယ်အတွင်း လေဘေးဒဏ်ကို ခံစားခဲ့ရသော ကျေးရွာအုပ်စု ၁၆အုပ်စုမှ ကျောင်းသား ကျောင်းသူ ၁၁၂ ဦးသည် မော်လမြိုင်ကျွန်းမြို့ပေါ်ရှိ အထက်တန်းကျောင်းများ၌ ၂၀၀၈-၂၀၀၉ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း တက်ရောက်ပညာသင်ကြားလျက်ရှိပြီး ကျောင်းသား ကျောင်းသူများအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ ထောက်ပံ့ငွေကျပ် ၅၆၀၀၀၀၊ကျောင်းစိမ်းဝတ်စုံ တစ်စုံစီ၊ ဗလာစာအုပ်၊ ဘောပင်နှင့် ခဲတံများ၊ မော်လမြိုင်ကျွန်းမြို့မှ ဦးဝင်းကြိုင်၊ဒေါ်ထားထားလွင်မိသားစု (ဒို့ခေတ်ရောင်းဝယ်ရေး) ကငွေကျပ်ငါးသိန်း၊ဦးတုတ်၊ဒေါ်ရဲမြင့်(ဇာမဏီဆန်စက်)ကငွေကျပ်သုံးသိန်း၊ ဦးတင်လှိုင်၊ ဒေါ်မြင့်မြင့်ကြည် (ရွှေနီလာရွှေဆိုင်)နှင့် ဦးဝင်းဇော်၊ ဒေါ်မြင့်မြင့်ဦး(ကမ္ဘာကျော်/အကယ်ဒမီဆန်စက်)တို့က ငွေကျပ်တစ်သိန်းစီတို့ကို လှူဒါန်းကြပြီး မြို့နယ်သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးကော်မတီက ဆန်၊ ဆီနှင့် လူသုံးကုန်ပစ္စည်းများစသည့် ထောက်ပံ့ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် Asia Hi-tech ကုမ္ပဏီမှ လေဘေးသင့် ကျေးရွာများရှိ စာသင်ကျောင်းများ၌ အသုံးပြုရန် ကျောင်းသားလေးဦးထိုင်စာသင်ခုံ အလုံး ၆၀၀ကို ပေးအပ်လှူဒါန်းသည်။

မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၀၁အုပ်စု၌ မိုးစပါး ဧက၁၉၇၄၄၅ဧကအနက် ၁၉၆၁၄၁ ဧကထွန်ယက်ပြီးစီးပြီဖြစ်ကာ ၁၅၁၅၄ ဧက စိုက်ပျိုးပြီးစီးပြီးဖြစ်သဖြင့် ၉၂ဒသမ၃၂ရာခိုင်နှုန်း စိုက်ပျိုးပြီးစီးပြီး ၂၀၀၈ခုနှစ် ဩဂုတ် မကုန်မီ မိုးစပါးစိုက်ဧကအားလုံး ထွန်ယက်စိုက်ပျိုးသွားနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် မော်လမြိုင်ကျွန်းမြို့နယ် ကြက်ရှာကျေးရွာ၌ မြစ်အတွင်းမှ သဲစုပ်လှေများဖြင့် သဲများစုပ်တင်ကာ ကျေးရွာအတွင်း လမ်းများပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။(နယ်စပ်/စည်ပင်)

မုန်တိုင်းအာမခံ လျော်ကြေးငွေများထုတ်ပေး

ရန်ကုန် ဩဂုတ် ၁၂

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်းမှ မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် အာမခံထားရှိသူများအား အာမခံလျော်ကြေးပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ မြန်မာ့အာမခံလုပ်ငန်း(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မုန်တိုင်းကြောင့် ဆုံးရှုံးနစ်နာမှုလျော်ကြေးများ လက်ခံရမည့် နိုင်ငံပိုင်နှင့်ပုဂ္ဂလိကပိုင် ကဏ္ဍအသီးသီးမှ အာမခံထားရှိသူများ၊မြန်မာ့အာမခံလုပ်ငန်းမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးသိန်းလွင်က အဖွင့်အမှာစကားပြောကြားပြီး အာမခံလျော်ကြေး အသီးသီးကို အာမခံထားရှိသူများ လက်ဝယ်သို့ ပေးအပ်သည်။ ထို့နောက် လျော်ကြေးလက်ခံရရှိသော အာမခံထားသူများက ကျေးဇူးတင်စကား ပြန်လည်ပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှု လျော်ကြေးများကို မြန်မာ့အာမခံလုပ်ငန်းက ယနေ့မှစ၍ နေ့စဉ် အသုတ်လိုက် ဆက်လက်ထုတ်ပေးလျက်ရှိပြီး မီးအာမခံနှင့် (အပိုအကာအကွယ်မုန်တိုင်း) ရေကြောင်းအာမခံ အကာအကွယ်များ ထားရှိသူများအတွက် လျော်ကြေးငွေစုစုပေါင်းငွေကျပ်သန်း ၅၀၀၀ ကျော်ထုတ်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အာမခံလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းလွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်းမှ မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် အာမခံထားရှိသူများအား အာမခံလျော်ကြေး ပေးအပ်ပွဲတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံဆရာဝန်အသင်း ကလေးကျန်းမာ ပညာအဖွဲ့နှင့် ထိုင်းနိုင်ငံ ကလေးကျန်းမာ ပညာအဖွဲ့တို့ ပူးပေါင်းကျင်းပသော Workshop on Management of Children in Disaster Situations အလုပ်ရုံ ဆွေးနွေးပွဲတွင် ထိုင်းနိုင်ငံ ကလေးကျန်းမာပညာအဖွဲ့မှ တွဲဖက်ပါမောက္ခ Srivieng Pairojkul နှုတ်ခွန်းဆက်စကားပြောကြားစဉ်။(သတင်းဖော်ပြပြီး)

(သတင်းစဉ်)

CICT ဒီပလိုမာဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၂

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် Myanmar Information Technology Pte Ltd. က ကြီးမှူး၍ Cambridge ICT for All(Malaysia)မှ ပေးအပ်ချီးမြှင့်မည့် Diploma in Software Engineering နှင့် Diploma in Business IT သင်တန်းများအကြောင်းတို့ကို Myanmar Information Technology Pte Ltd. နှင့် Cambridge ICT for All (Malaysia) တို့မှ တာဝန်ရှိသူတို့က ဩဂုတ် ၁၆ ရက်(စနေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက်ခ်ကွန်ဖရင့်ခန်းမ၌ ဟောပြောမည်ဖြစ်သည်။

ဟောပြောပွဲသို့ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ပြီး ဖုန်း - ၆၆၈၇၇၉၊ ၆၆၈၂၅၉ နှင့် ၆၅၀၁၂၄တို့သို့ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်းသိရှိရသည်။

(သတင်းစဉ်)

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ပြန်လည်ထူထောင်ကြပါစို့

သန်းထွန်း(ပြန်/ဆက်)

နာဂစ်မုန်တိုင်းဒဏ်မှ မြန်မာတို့ မြန်မြန်ဆန်ဆန် နာလန်ပြန်ထူနိုင်ခြင်း၏ အဓိကအကြောင်းအရင်းတစ်ခုမှာ ပြည်တွင်းအင်အားပင်ဖြစ်၏။ ပြည်တွင်းအင်အားနှင့်ပတ်သက်၍ စေတနာသဒ္ဓါတရား ထက်သန်လှသော ပုဂ္ဂလိကနှင့် အဖွဲ့အစည်းများ၏ အင်တိုက်အားတိုက် ကူညီလှူဒါန်းမှုများကို နိုင်ငံခြားသံတမန်များကပင် အံ့သြချီးကျူးကြရသည်။ "ဒေသန္တရအဖွဲ့အစည်းတွေ၊ ဆေးအဖွဲ့တွေ၊ အချို့လုပ်ငန်းရှင်တွေရဲ့ စွမ်းဆောင်မှုကတော့ တကယ့်ကို ချီးကျူးစရာပါပဲ။ ကူညီကယ်ဆယ်ရေးမှာ တကယ့်သူရဲကောင်းတွေပါပဲ" ဟု ပြောလာသူ မှာ ဗြိတိသျှသံရုံးမှ ဒုတိယအတွင်းဝန် Ruth Bradley Jones ဖြစ်၏။

နိုင်ငံတော်၏ဦးဆောင်မှုဖြင့် လေဘေးသင့်ဒေသများ၌ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အားကြိုးမာန်တက်ဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားပြည်သူ စေတနာရှင်အလှူရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်ကုမ္ပဏီများ၊ NGO အဖွဲ့အစည်းများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ နည်းပညာရှင်များ၊ အတတ်ပညာရှင်များ၊ ရုပ်ရှင်၊ ဗီဒီယိုနှင့် ဇာတ်သဘင်အနုပညာရှင်များ၊ စေတနာရှင်များက ဟန်ချက်ညီညီ လက်တွဲကြိုးပမ်းဖော်ဆောင်ခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအခြေအနေများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်ပါသည်။ ရုပ်ရှင်၊ ဗီဒီယိုနှင့် ဇာတ်သဘင် အနုပညာရှင်များက သက်ဆိုင်ရာ တာဝန်ရှိသူများထံမှ တစ်ဆင့်သော်လည်းကောင်း၊ ပြည်သူလက်ထဲသို့ လက်ဝယ်အရောက်သော်လည်းကောင်း လှူဒါန်းလျက်ရှိကြသကဲ့သို့ မုန်တိုင်းသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိရာတွင် ကျန်းမာရေးနှင့် ပညာရေးကဏ္ဍ မလစ်ဟင်းစေရန်အတွက် ဆေးရုံများ၊ ကျောင်းများကို ပြန်လည်ပြုပြင်တည်ဆောက်ပေးလျက်ရှိပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ကကြီးကြပ်၍ ပုဂ္ဂလိက မီဒီယာလုပ်ငန်းရှင်များကလည်း အနုပညာရှင်များနှင့်အတူ တွံတေးမြို့နယ်နှင့် ကော့မှူးမြို့နယ်ရှိ ကျေးရွာများ၌ အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများကို သွားရောက်လှူဒါန်းခဲ့ကြသည်။

မြဝတီမြို့မှ မြမြင့်မိုရ်စားသောက်ဆိုင်ပိုင်ရှင် ကိုထွန်းသစ်ဦး၊ မဥမ္မာတို့ မိသားစုကလည်း လူရွှင်တော်ဇရောနှင့်အတူ ဖျာပုံမြို့နယ်ရှိ စာအုပ်ကျေးရွာမှ ကျောင်းနေကလေးများအတွက် စာရေးကိရိယာများ၊ ကျောင်းသုံးပစ္စည်းများနှင့် ပျက်စီးသွားသော နေအိမ်များအတွက် မီးဖိုချောင်သုံးပစ္စည်းများကို မေလ ၂၉ ရက်နေ့က သွားရောက်လှူဒါန်းခဲ့ကြသည်။

ထူးထူးဗီဒီယိုဖြန့်ချိရေးမှ သရုပ်ဆောင်လျှမ်းထက်၊ ဖြိုးမောင်မောင်နှင့်အဖွဲ့ကလည်း မုန်တိုင်းသင့် ပြည်သူများအတွက် လှူဒါန်းမှုများပြုလုပ်ခဲ့ကြသည်။ လေဘေးသင့်ပြည်သူများကို စိတ်ဓာတ်အင်အား ပြည့်ဝစေဖို့အတွက် ဟိုင်းကြီးကျွန်းအပါအဝင် ကျေးရွာငါးရွာကို သရုပ်ဆောင်ရဝေအောင်တို့အဖွဲ့က ထောက်ပံ့ရေးခရီးထွက်ခဲ့ကြသလို ဇာတ်သဘင်ပညာရှင်များကလည်း သီဆိုဖျော်ဖြေကြပြီး အလှူငွေများ ကောက်ခံ၍ မုန်တိုင်းသင့်ပြည်သူများသို့ လှူဒါန်းခဲ့ကြသည်။

မုန်တိုင်းဒဏ်မှ ပြန်လည်ထူထောင်ရေး ဆောင်ရွက်ကြရာတွင် ကျန်းမာရေး၊ နေထိုင်စားသောက်ရေးကိစ္စသာမက အားငယ်ဝမ်းနည်းခဲ့ရသော စိတ်ဓာတ်ပိုင်းဆိုင်ရာကဏ္ဍ ပြန်လည်ထူထောင်ရေးကိစ္စမှာလည်း အရေးကြီးလိုအပ်လာပါသည်။

လူသားအရင်းအမြစ်ကို ပုံမှန်ဖွံ့ဖြိုးမှုအခြေအနေ ပြန်လည်ရောက်ရှိစေရန်အတွက် စာပေလေ့လာခြင်းက အကောင်းဆုံးလမ်းကြောင်းတစ်ခုဖြစ်ပေလိမ့်မည်။ ထို့ကြောင့်ပင် မြစ်ဝကျွန်းပေါ်ဒေသရှိ မုန်တိုင်းဒဏ်သင့်ပျက်စီးခဲ့ရသော စာကြည့်တိုက်များ ပြန်လည်ထူထောင်ရေးကိစ္စအား ပြန်ကြားရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အလှူရှင်များနှင့် ဆက်သွယ်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ဧရာဝတီတိုင်းအတွင်း ပြိုကျပျက်စီးသွားသော ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခရိုင်၊ မြို့နယ်ရုံးများကို ဒေသဆိုင်ရာအာဏာပိုင်များ၏ ပံ့ပိုးကူညီမှု၊ ဧဒင်အုပ်စုကုမ္ပဏီ၊ ထူးကုမ္ပဏီ၊ ဒိုင်းမွန်းမာကျူရီကုမ္ပဏီ၊ ယုဇနကုမ္ပဏီတို့၏ လှူဒါန်းကူညီမှုများဖြင့် ပြန်လည်ပြုပြင်နိုင်ခဲ့သည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်များကလည်း ဧရာဝတီတိုင်းအတွင်း ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်လျက်ရှိကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ စာဖတ်သည့် အလေ့အထရှိစေရေး၊ စာအုပ်၊ စာစောင်အသစ်တိုးပွားရေး၊ ငွေပဒေသာပင် စိုက်ထူနိုင်ရေး၊ အဆောက်အအုံရှိရေး၊ စာကြည့်တိုက်မှူး ပေါ်ထွန်းရေးဟူသော ဝန်ကြီး၏ မှာကြားချက်(၅)ရပ်နှင့်အညီ မြန်မာတစ်နိုင်ငံလုံးတွင် ကျေးရွာစာကြည့်တိုက်ပေါင်း ၅၅၇၅၅တိုက် ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါသည်။ **ဧရာဝတီတိုင်းအတွင်း စာကြည့်တိုက်ပေါင်း ၁၁၈၃၈ ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါသည်။ ဧရာဝတီတိုင်းသည် နိုင်ငံအဝန်းဖွင့်လှစ်ပြီး စာကြည့်တိုက်များအနက် ကျေးရွာစာကြည့်တိုက်လေးပုံတစ်ပုံခန့်ရှိသောတိုင်းတစ်ခုလည်းဖြစ်ပါသည်။**

ယခုအခါ နာဂစ်မုန်တိုင်းဒဏ်ကြောင့် ကျေးရွာစာကြည့်တိုက် ၁၄၃၀ ခန့် ပြိုကျသွားခြင်း၊ စာအုပ်၊ စာစောင်များ ရေစိုပျက်စီးဆုံးရှုံးခြင်းများ ဖြစ်ပေါ်ခဲ့ရပါသည်။ ယခုအချိန်တွင် ကျေးရွာစာကြည့်တိုက်များအား အမြန်ပြန်လည်ထူထောင်နိုင်ရန် လိုအပ်လျက်ရှိသဖြင့် လေဘေးသင့်ပြည်သူများ၏ စိတ်ပိုင်းဆိုင်ရာ ပြန်လည်ပြုစုပျိုးထောင်နိုင်ရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၊ စေတနာရှင် အလှူရှင်၊ အသင်းအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နေပါသည်။

ထိုသို့ပြန်လည်ဆောက်ပြီး ကျေးလက်စာကြည့်တိုက်များသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ တိုင်း/ခရိုင်နှင့် မြို့နယ်ရုံးများက စာအုပ်၊ စာစောင်များ ပံ့ပိုးဖြည့်တင်းပေးမည်ဖြစ်ပါသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဖွင့်လှစ်ပြီး ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြန်ကြားရေးဝန်ကြီး၏ မှာကြားချက်ဖြစ်သည့် ကျေးလက်နေပြည်သူများ စာဖတ်လိုစိတ်ရှိ၍ စာဖတ်ကြစေအောင် စည်းရုံးဆောင်ရွက်သွားရေး၊ ရရှိပြီး စာအုပ်စာစောင်များကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေးနှင့် စာအုပ် စာစောင်အသစ် များ တိုးပွားရရှိလာအောင် ငွေပဒေသာပင် စိုက်ထူဆောင်ရွက်ရေး၊ စာကြည့်တိုက်အဆောက်အအုံမရှိသေးသည့် ကျေးရွာများ၌ အဆောက်အအုံရှိလာစေရန် ဆောင်ရွက်ရေး၊ စာကြည့်တိုက်များတွင် ပရိဘောဂများ စုံလင်စွာရှိလာစေရန် ဆောင်ရွက်ရေးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာကြည့်တိုက်ထိန်းသိမ်းရာတွင် ကျွမ်းကျင်သော စာကြည့်တိုက်မှူးများရရှိစေရန် လေ့ကျင့်ပျိုးထောင်သွားရေး စသည့် လုပ်ငန်းစဉ် (၅)ရပ် ချမှတ်ပြီး ဒေသအာဏာပိုင်တို့၏အား၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ NGO စသော အဖွဲ့အစည်းတို့၏ အား၊ စေတနာရှင်၊ ဒေသခံပြည်သူတို့၏အား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းတို့၏ အားဆိုသည့် အား (၄) အားဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းစဉ်များသည် တိုင်းပြည်နှင့် ပြည်သူတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖော်ဆောင်နေသော အမျိုးသားရေးတာဝန်တစ်ရပ်ပင်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဒေသအလိုက် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စာကြည့်တိုက်၏ ကြီးကြပ်မှုကော်မတီဖွဲ့စည်းကာ စနစ်တကျ ကြိုးပမ်းဆောင်ရွက်သွားကြရန် ညွှန်ကြားမှုပြုခဲ့ပါသည်။

မုန်တိုင်းဒဏ်ကြောင့် လေဘေးသင့်ဒေသများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော်က ဒေသလိုအပ်ချက်နှင့်အညီ စီမံဖြည့်ဆည်းပေးလျက်ရှိရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက မျိုးချစ်စိတ် အပြည့်အဝဖြင့် နိုးကြားတက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိခြင်းကြောင့် လေဘေးသင့်ဒေသများရှိ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးအခြေအနေများ လျင်မြန်စွာ တိုးတက်လျက်ရှိပါသည်။

ထိုသို့ ပြည်နယ်/တိုင်း အသီးသီးရှိ ကုမ္ပဏီများမှ လေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရာတွင် ဧရာဝတီတိုင်းအတွင်းရှိ ပြန်လည်ထူထောင်ကြရမည့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကိုပါ စေတနာထက်သန်စွာ ဆောက်လုပ်လှူဒါန်းနေမှုများကိုလည်းသိရှိရပါသည်။ စေတနာထက်သန်စွာ အပြည့်အဝကူညီပံ့ပိုးမှုကြောင့် ရုပ်ပိုင်းဆိုင်ရာအရ ပြန်လည်ထူထောင်တိုးတက်လာပြီး မူလအခြေအနေကောင်းများသို့ ပြန်လည်ရောက်ရှိလုနီးပါးဖြစ်နေပြီဖြစ်ရာ လေဘေးသင့်ပြည်သူများ၏ ရုပ်အလှကို မွမ်းမံတန်ဆာဆင်ပေးမည့်၊ စိတ်အလှတင့်တယ် ပွင့်လန်းလာစေရေး လိုအပ်ချက်ဖြစ်မည့် ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များကိုလည်း ပြန်လည်ပြုပြင် ဆောက်လုပ်လှူဒါန်းကြသည့်အတွက် ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ခေါ်ဆိုပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ဧရာဝတီတိုင်းအတွင်းစာကြည့်တိုက်ပေါင်း ၁၁၈၃၈ဖွင့်လှစ်ခဲ့ပြီးဖြစ်။ ဧရာဝတီတိုင်းသည် နိုင်ငံအဝန်း ဖွင့်လှစ်ပြီး စာကြည့်တိုက်များအနက် ကျေးရွာစာကြည့်တိုက် လေးပုံတစ်ပုံခန့်ရှိသော တိုင်းတစ်ခုလည်း ဖြစ်။

ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် ဩဂုတ် ၁၂

"အဟုန်ပြင်း ဂလိုဘယ်ယဉ်ကျေးမှုစီးကြောင်းမှာ စီးမျောနေတဲ့ ဆယ်ကျော်သက်လူငယ်များ" အကြောင်းကိစ္စနှင့်ပတ်သက်၍ ပညာရှင်ကြီးများ၊ နာမည်ကျော် အနုပညာရှင်များ၏ သုံးသပ်အကြံပြုချက်များ စုံလင်စွာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၄) အမှတ်(၃၁) ထွက်ရှိလာသည်။

ယင်းအပြင် ဩဂုတ် ၁၆ ရက်တွင် Park Royal ၌ ပြုလုပ်မည့် ကျော်ဟိန်း၏ 'မေးရင်ဖြေမယ်' စိတ်အကြောင်းဟောပြောပွဲသို့ တက်ရောက်နိုင်မည့် အခွင့်အရေး၊ မြန်မာ့ပဲ၊ သစ်နှင့် ငါးများကို ကူဝိတ်က တိုက်ရိုက်ဝယ်ယူတော့မည်၊ မြန်မာ့ထိပ်တန်း စီးပွားရေးလုပ်ငန်းရှင်ကြီးများအား ကူဝိတ်သို့ လာရောက်ရန် ဖိတ်ကြားခံရ၊ ရခိုင်ပြည်နယ် ဓာတ်အားလိုင်းစီမံကိန်းအတွက် အိန္ဒိယက ကန်ဒေါ်လာ ၆၄ သန်းကျော်ထုတ်ချေးမည်၊ မြန်မာ-ထိုင်း နယ်စပ်ဖြတ်ကျော်ဖိုက်ဘာဆက်ကြောင်း ချိတ်ဆက်ပြီးပါက သတင်းအချက်အလက် ဆက်သွယ်ရေးစနစ်များ လျင်မြန်လာမည်၊ မြန်မာ့ရေမှော် ကိုရီးယားတင်ပို့၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ "အသက်အရွယ်နှင့် အတွေးအခေါ်" အကြောင်း စသည့် ကဏ္ဍစုံလင်စွာဖြင့် ပြည်တွင်းရေးရာသတင်းများ ပါရှိသည်။

စင်ကာပူလူငယ်များ ဂလိုဘယ်ယဉ်ကျေးမှုကို ပြောင်းလဲခံယူလာ၊ ကလေးများ စွမ်းဆောင်ရည်ဖွံ့ဖြိုးစေဖို့ မိဘတွေဘာလုပ်ရမလဲ၊ အသက်လေးဆယ်ကျော် အမျိုးသမီးများ ကလေးယူချင်သလား၊ အစားအသောက် သတိထား၊ လောင်စာဆီဈေးနှုန်းကြီးမြင့်မှုကြောင့် ထိုင်းလယ်သမားတွေ ခိုင်းကျွဲသုံးတယ်၊ "လက်တွဲဖော်အမျိုးသမီးကို ရက်ရက်စက်စက် သတ်သူအကြောင်း" မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ "ပြောရဦးမယ် သူတို့က ဒီလိုတဲ့" ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးနည်းပညာ စုံလင်စွာပါရှိသည်။

(သတင်းစဉ်)

ကြာနီကန်ဦးရေဝတ (ဝါးခယ်မ) ဆရာတော် ဝါတွင်းတရားပွဲ

ရန်ကုန် ဩဂုတ် ၁၂

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အလယ်ရွှေဂုံတိုင် လိပ်ပြာကန် ကြာနီကန်ကျောင်းတိုက်၏ ဦးစီးပဓာန နာယက (နိုင်ငံကျော် ဓမ္မကထိက ကြာနီကန် ဆရာတော်၏ တပည့်ရင်း) နိုင်ငံကျော် ဓမ္မကထိက ကြာနီကန် ဦးရေဝတ (ဝါးခယ်မ)ဆရာတော်သည် ၁၃၇၀ပြည့်နှစ် ဝါဆိုလပြည့်နေ့မှစ၍ သီတင်းကျွတ်လပြည့်နေ့အထိ ဥပုသ်သီတင်းနေ့တိုင်း မွန်းလွဲ ၁ နာရီမှစ၍ ညနေ ၃ နာရီအထိ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရင်ပြင် ကြာသပတေးထောင့် ဒေါ်ပွင့်တန်ဆောင်း ရွှေဂုံမြင့်ဝတ်အသင်း၌ ဝိပဿနာသုတ္တာန်ဒေသနာများကို ဟောပြောပြသမည်ဖြစ်ပါ၍ တရားတော်များ လာရောက် နာယူဆောက်တည်နိုင်ကြောင်းသိရသည်။

(ကြေးမုံ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် ညောင်လေးပင်မြို့ ဆေးရုံဟောင်းလမ်းနေ ဒေါ်မြသန်း၊ သား ဦးမင်းအောင်၊ ဒေါ်အေးအေးမြမိသားစုက အလှူငွေ ကျပ်နှစ်သိန်းကို ပြင်သစ်နိုင်ငံ သာသနာပြု ဆရာတော်ကျွန်းနံ့သာ အရှင်နန္ဒသိရီထံ ကပ္ပိယကာရကမှတစ်ဆင့် ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ဝါးခယ်မမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် တည်ဆောက်ဆဲတံတားများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို ကြည့်ရှုစစ်ဆေး

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို ဝါးခယ်မမြို့နယ်နှင့် အိမ်မဲမြို့နယ်အကြား ပြာမလေ့မြစ်ကို ဖြတ်သန်းတည်ဆောက်လျက်ရှိသော ကျွန်းကုန်းတံတားကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၁၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကိုသည် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၈ ရက် နံနက် ၇ နာရီခွဲတွင် မြောင်းမြမြို့ ဒက္ခိဏတောင်၌ တည်ထားကိုးကွယ်သည့် ရွှေဗုဒ္ဓေါစေတီတော်အား ပန်း၊ ဆီမီးနှင့် အမွှေးနံ့သာတိုင်တို့ဖြင့် ထွန်းညှိကပ်လှူပူဇော်ကာ ဖူးမြော်ကြည်ညိုပြီးစေတီတော်အတွက် အလှူငွေများပေးအပ်လှူဒါန်းသည်။

ထို့နောက် ဗိုလ်ချုပ်ကိုကိုသည် ငှက် ၃၆ကောင်အား ဘေးမဲ့လွှတ်လှူ၍ စေတီတော် ပရိဝုဏ်အနီး၌ အထိမ်းအမှတ် ကံ့ကော်ပင်ကိုလည်းကောင်း၊ တိုင်းမှူးက ခရေပင်ကိုလည်းကောင်း စိုက်ပျိုးကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ကိုကိုသည် ဝါးခယ်မမြို့၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ မြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံရာ ဝါးခယ်မမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှမြင့်က မြို့နယ်ဆိုင်ရာအချက်အလက်များ၊ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်အပေါ် အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗိုလ်ချုပ်ကိုကိုက အမှာစကားပြောကြားရာတွင် မိမိရပ်ရွာ အေးချမ်းတည်ငြိမ်ရေးအတွက် မိမိတို့ကိုယ်တိုင်တာဝန်ယူဆောင်ရွက်ရန် လိုအပ်ကြောင်း၊ တာဝန်ရှိသူအဖွဲ့အစည်းအဆင့်ဆင့်က တာဝန်ယူပြီး ထိန်းသိမ်းရမည့်အပြင် ပြည်သူလူထုနှင့် လူမှုရေးအသင်းအဖွဲ့များကလည်း တည်ငြိမ်အေးချမ်းမှုအတွက် စည်းရုံးပညာပေး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဗိုလ်ချုပ် ကိုကိုက ဝါးခယ်မမြို့နယ်အတွင်းလူတစ်ဦးချင်း ဝင်ငွေ တိုးတက်ရေး၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး၊ မီးသတ်အဆောက်အအုံတိုးချဲ့ဆောက်လုပ်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများတွင် ကတ္တရာလမ်းများ ပျက်စီးချွတ်ယွင်းနေမှုအား အမြန်ဆုံး ပြင်ဆင်နိုင်ရေးတို့ကို မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဝါးခယ်မမြို့နယ်နှင့် အိမ်မဲမြို့နယ်အကြား ပြာမလေ့မြစ်ကို ဖြတ်သန်းတည်ဆောက်လျက်ရှိသော ကျွန်းကုန်းတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး တံတား တည်ဆောက်ရေး ရှင်းလင်းဆောင်၌ စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာ ဒေါ်သိန်းနုက ကျွန်းကုန်းတံတားတည်ဆောက် ပြီးစီးမှုများနှင့် ပတ်သက်၍ လည်းကောင်း၊ ခရိုင်အင်ဂျင်နီယာမှူးကြီး ဦးမြင့်ဦးက ချဉ်းကပ်လမ်း မြေသားလုပ်ငန်း ဆောင်ရွက်မှုများကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ကျွန်းကုန်းတံတားသည် ဝါးခယ်မ၊ ကံကြီးလမ်း၊ အိမ်မဲမြို့နှင့် ဝါးခယ်မမြို့နယ်အကြား ပြာမလေ့မြစ်ကို ဖြတ်သန်း တည်ဆောက်ထားသော ဘေလီသံပေါင်ကြိုးတံတား အမျိုးအစားဖြစ်ပြီး ပင်မတံတား အရှည်ပေ ၅၀၀၊ မြေသား ချဉ်းကပ်လမ်းနှစ်ဖက်ပေါင်းပေ၂၃၀၀နှင့် တံတားအကျယ် ၁၃ပေ ၃လက်မ ရှိသော တစ်လမ်းသွားတံတား ဖြစ်သည်။ တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း ၁၈ တန်ဖြစ်ပြီး ၂၀၀၆ခုနှစ် ဇွန် ၁၆ ရက်တွင် စတင်တည်ဆောက်ခဲ့ရာ ယခုအခါ ပင်မတံတားတည်ဆောက်ခြင်းလုပ်ငန်း ၉၇ ရာခိုင်နှုန်းနှင့် ချဉ်းကပ်လမ်း မြေလုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး စီမံကိန်းတစ်ခုလုံး၏ ၉၅ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်။ အဆိုပါ တံတားပြီးစီးသွားပါက ဝါးခယ်မမှ ပုသိမ်သို့ ခရီးမိုင် ၃၇ မိုင် သက်သာစွာ သွားလာနိုင်ကြမည်ဖြစ်သည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ပန်းတနော်မြို့နယ်အတွင်း ပန်းတနော်-အိမ်မဲလမ်းရှိ သုံးခွချောင်းတံတား (ကျုံတိုင်းကြီး) တည်ဆောက်ရေးလုပ်ငန်းသို့ ရောက်ရှိရာ တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့ (၅)မှတာဝန်ခံစီမံကိန်း အင်ဂျင်နီယာ ဒေါ်စီသန်းက တည်ဆောက်ရေး ရှင်းလင်းဆောင်၌ တံတားနှင့် ပတ်သက်သော အချက်အလက်များနှင့်တည်ဆောက်ပြီးစီးမှု အခြေအနေများအား ရှင်းလင်းတင်ပြသည်။

အဆိုပါ သုံးခွချောင်းတံတား (ကျုံတိုင်းကြီး)သည် ပန်းတနော်မြို့နယ် ပန်းတနော် - အိမ်မဲလမ်း၌ တည်ရှိပြီး ယခင်က အကျယ် ၁၂ပေ၊ အရှည် ၂၇၅ပေရှိသော သစ်သားနှင့် ဘေလီပေါင်းစပ်ထားသော တံတား ဟောင်းသည်အသုံးပြုရန် မသင့်တော့သဖြင့် တံတားဟောင်းအစား ယာဉ်သွားလမ်းအကျယ် ၂၄ပေ၊ လူသွားလမ်းတစ်ဖက် သုံးပေစီ စုစုပေါင်း အကျယ် ပေ ၃၀၊ အရှည်ပေ ၂၇၀ ရှိသော သံကူကွန်ကရစ် အမျိုးအစား တံတားဖြင့် အစားထိုး တည်ဆောက်ထားခြင်းဖြစ်သည်။ တံတား တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၀၆ ခုနှစ် စက်တင်ဘာ ၂၈ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ ပင်မတံတားနှင့် ချဉ်းကပ်လမ်း လုပ်ငန်းများအား ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။ ယင်းတံတားကို မကြာမီကာလအတွင်း ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ပြီး ဧရာဝတီတိုင်းအတွင်း လမ်းပန်းဆက်သွယ်ရေးလုံခြုံချောမွေ့စေရေးအတွက် အထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း သိရှိရသည်။
(သတင်းစဉ်)

ဖြူးမဟာစည်သာသနဝုပိုကာရီသိမ်တော်အလှူ

ရန်ကုန် ဩဂုတ် ၁၂

ရန်ကုန်တိုင်း လှိုင်မြို့နယ် (၅)ရပ်ကွက်ရှိ ဖြူးဆရာတော် ဘဒ္ဒန္တနရပတိအရှင်မြတ်(သာသနဓဇမဟာဓမ္မာစရိယ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ၊ ပြည်တွင်းပြည်ပ မဟာစည် နာယက) သီတင်းသုံးတော်မူသော ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်အတွင်း၌ ဖြူးမဟာစည် သာသနဝုပိုကာရီသိမ်တော်မြတ်ကြီးကို တည်ဆောက်လျက်ရှိရာ ကုသိုလ်ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဖုန်း-၀၁-၅၃၀၀၆၈၊ ၀၁-၅၀၁၈၄၆ (လိုင်းခွဲ-၁၈၁)၊ ၀၉၅၀-၁၇၅၅၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။
(သတင်းစဉ်)

ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ တရားပွဲ

ရန်ကုန် ဩဂုတ် ၁၂

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကြားတောရလမ်း ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် ကြေးသွန်းဘုရားကြီးရှေ့ရှိ မင်္ဂလာဈေးမဏ္ဍပ်၌ ဩဂုတ် ၁၅ရက် (သောကြာနေ့) ည၇နာရီတွင် တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။
(ကြေးမုံ)

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီ (ရွှေသိင်္ဂီရတနာဓမ္မာရုံ ၉၈၊ ရွှေဘုံသာလမ်း ပန်းဘဲတန်း)သို့ ဖခင် ဦးမောင်ကလေး၊ မိခင်ဒေါ်ခင်မော်ထွေးတို့ကို ရည်စူး၍ ယူနိုက်တက်ကင်းဒမ်းနေ ဦးမြင့်ဝေလင်း(ခ) ကိုပြုံးက ငွေကျပ်တစ်သိန်း လှူဒါန်းရာ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့် လက်ခံယူစဉ်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၃-၈-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၅၀ ၅။ မျိုးချစ်တပ်မတော်
- ၅း၀၀ ၆။ အမျိုးသားရေးတေးကဗျာ
- ၅း၂၀ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
- ၅း၃၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅း၄၀ ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅း၅၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆း၃၀ ၁၄။ **ကာတွန်းအစီအစဉ် "ကျားကလေးရဲ့ မွေးရပ်မြေ" အပိုင်း(၂၀)**
- ၆း၄၅ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -စံပါပဲ အပိုင်း(၆)**
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ ဖြေလိုက်ပါ
- ၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -အဖြူရောင်မြွေ မင်းသမီးလေး အပိုင်း(၃၉)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

မြန်မာနယူးစ်ဝိခ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၁၂

ယခုအပတ် အင်္ဂါနေ့ထုတ် မြန်မာနယူးစ်ဝိခ်ဂျာနယ်အတွဲ(၂)၊ အမှတ် (၃၈)တွင် နေအပြည့်အဝကြတ်ခြင်းကို မြင်တွေ့ရသည့် ရုရှားနိုင်ငံ နေကြတ်အပြီး တစ်ပတ်အကြာမှာ ဂျော်ဂျီယာနှင့် ချက်ချင်းစစ်မက်ဖြစ်ပွားခဲ့ဟု နက္ခတ်ပညာရှင်များအဖွဲ့ကဆို၊ မုန်တိုင်းတစ်လုံးကို သိပ္ပံနည်းကျ ပျက်စီးမှုများ ပြုခဲ့သော်လည်း အောင်မြင်မှုမရရှိ၊ ရေအောက်တွင် ကျန်ရှိသော သင်္ဘော ၂၉ စင်းအား Sky Ball များဖြင့် ဆက်လက်ဆယ်ယူမည်၊ မာလာ၊ အားကေ့ခ်၊ နာဂစ်မုန်တိုင်း သုံးနှစ်ဆက်ဝင်ရောက်မှုကိုကြည့်လျှင် မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုအခြေအနေကိုသိရှိနိုင်၊ ပေဒင်နှင့် စာရေးဆရာမင်းသိခ်နောက်ဆုံးနေ့နှင့် မရမ်းတလင်းရှင်းတမ်း၊ နို့စားနွားမွေးမြူရေး တိုးချဲ့စီမံကိန်း ၂၀၀၈ ခုနှစ်အကုန်အထိ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်၊ Bus Stop ပြုလုပ်ချင်သော ပုဂ္ဂလိကလုပ်ငန်းရှင်များ Y.C.D.Cနှင့် ဆက်သွယ် ဆောင်ရွက်နိုင်၊ Y.C.D.C က ဘိုင်အိုဒီဇယ်စက်ရုံ တည်ဆောက်မည်၊ Y.C.D.C မှ ရေရှားပါးသော နေရာများအတွက် ဗဟိုရေပေးဝေရေး စခန်းများ တည်ဆောက်၊ မူ၊ လယ်၊ ထက်ကျောင်းတည်ဆောက်ရန် ငွေကျပ်တစ်ဘီလီယံသုံးစွဲမည်၊ စစ်ရေယာဉ်တစ်စင်းက ကုန်သင်္ဘောတစ်စင်းအား ကယ်ဆယ်ခဲ့၊ လူကုန်ကူးခံရသူများ သေဆုံးခဲ့ရမှုအတွက် ယာဉ်မောင်းဖြစ်သူ ထောင်ဒဏ်အပြစ်ပေးခံရ၊ သင်္ဘောသား လုပ်သက်နှစ်ပတ်မပြည့်မီ မိဘကျေးဇူးဆပ်ခဲ့သည့် သင်္ဘောသား၊ မီတာမတပ်ဆင်ရသေးသည့် တက္ကဆီများကို CNG ဆိုင် အချို့စောင့်၍အရေးယူလျက်ရှိ၊ ဂျော်ဂျီရာကစစ်ပွဲနှင့် ရင်ဆိုင်နေရပြီဖြစ်ကြောင်း အရေးပေါ်ကြေညာ၊ ရုရှားနှင့် ဂျော်ဂျီယာ ပဋိပက္ခ အီရန်စစ်ပွဲသို့ ဦးတည်သွားနိုင်မည်လော၊ နောက်ဆုံးရပြည်တွင်း၊ ပြည်ပသတင်းများ ပါရှိသည်။
(သတင်းစဉ်)

▲ ကျောဖုံးမှ

လက်ဆောင်အဖြစ်ပေးအပ်သည်။ ယင်းနောက် ညစာစားပွဲ ညှော့သည်တော် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး General, Phung Quang Thanh နှင့် ဇနီး Mrs. Tran Thi Loc တို့ ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့် ထွက်ခွာသွားကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ညဏ်ထွန်း၊ တပ်မတော် စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်လှဌေးဝင်းနှင့် ၎င်းတို့၏ ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ညဏ်ထွန်းအောင်တို့က နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး General, Phung Quang Thanh **အား နေပြည်တော်လေဆိပ် ဧည့်ခန်းမ၌ ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းဓာတ်ပုံ အယ်လ်ဘမ်ကို လက်ဆောင်အဖြစ် ပေးအပ်စဉ်။** (သတင်းစဉ်)

စာအောင် သံဃာတော် ချီးကျူးပူဇော်ပွဲနှင့် ဝါဆိုသင်္ကန်းလှူဒါန်းပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၂

ရန်ကုန် မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် ၆/၁၀ ရပ်ကွက် သံလွင်လမ်း ရွှေပြည်သာ ပရိယတ္တိစာသင်တိုက်၌ ဝါကပ်တော်မူကြမည့် သံဃာတော် ၁၁၇ပါးနှင့် ပင့်သံဃာတော် ၅၄ပါး တို့အား စုပေါင်း ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ၊ အကြိမ် (၆၀) မြောက် တိပိဋကဓရစာမေးပွဲ၌ အောင်မြင်သော ပိဋကတ် နှစ်ပုံခွဲဆောင် မူလအာဘိဓမ္မိကအရှင် စန္ဒနနှင့် ဝိနယပိဋကတ်တစ်ပုံ အာဂုံဆောင် အရှင်ပညာဇောတ (ဝိနယ ဓရ)တို့အား ချီးကျူးပူဇော်ပွဲ၊ ကျောင်းအဝင်လမ်းမကြီး၊ ရေကန်၊ ရေကန်အမိုးရေစက်ချပွဲ အခမ်းအနားများကို ဩဂုတ် ၁၆ ရက် မွန်းလွဲ ၁နာရီတွင် အဆိုပါစာသင်တိုက်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး ဦးဆောင်သော

ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိပြီး လှည့်လည်ကြည့်ရှုလေ့လာ

ရန်ကုန် ဩဂုတ် ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး General , Phung Quang Thanh **နှင့် ဇနီး** Mrs. Tran Thi Loc **တို့ ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ဇော်ဝင်းနှင့် ဇနီးတို့ လိုက်ပါလျက် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ယနေ့ နံနက် ၉ နာရီ ၁၀ မိနစ်တွင် ရောက်ရှိကြသည်။**

ကြိုဆိုနှုတ်ဆက်

ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်နှင့် ဇနီး ဒေါ်ကြင်မြိုင်၊ ဧရာဝတီ ရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်နှင့် ဇနီး၊ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်-ဌာနချုပ်မှူး ဗိုလ်မှူးကြီးသိန်းနိုင်နှင့် တပ်မတော် အရာရှိကြီးများ၊ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့မှတစ်ဆင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် နံနက် ၉ နာရီ ၄၅ မိနစ်တွင် မင်္ဂလာဒုံ တပ်မတော် ဆေးတက္ကသိုလ်သို့ ရောက်ရှိလာရာ ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ထွန်းနေလင်းနှင့် ဇနီး၊ ပါမောက္ခချုပ်၊ ဒုတိယကျောင်းအုပ်ကြီး၊ နည်းပြ အရာရှိချုပ်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ရှင်းလင်းခန်းမ၌ ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် ထွန်းနေလင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး တပ်မတော် ဆေးတက္ကသိုလ်နှင့် စပ်လျဉ်းသည်များကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် ထွန်းနေလင်းတို့သည် လက်ဆောင်ပစ္စည်းများကို အပြန်အလှန်ပေးအပ်ကြပြီး ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးက ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကာ သမားဇာနည်အောင်စစ်သည် ပြခန်းနှင့် စာပေသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုလေ့လာသည်။

ယင်းနောက် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့် ဇနီးနှင့် အဖွဲ့ဝင်များအား ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်နှင့် ဇနီး ဒေါ်ကြင်မြိုင်တို့က မြရိပ်ညိုဟိုတယ်၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည့်ခင်းဧည့်ခံသည်။

ထို့နောက်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲ ၂ နာရီ မိနစ် ၂၀တွင် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာသို့ ရောက်ရှိကြရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးခင်ကြူးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဧည့်ခန်းမဆောင်၌ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့် ဇနီး ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စု တိုင်းရင်းသားကျေးရွာနှင့် စပ်လျဉ်း၍ ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းပြသပြီး တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးသည် ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး ဖျော်ဖြေတင်ဆက်ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်သည်။

ယင်းနောက် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြပြီး ညနေပိုင်းတွင် ပြန်လည် ထွက်ခွာသွားကြသည်။

ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး၏ ဇနီး Mrs. Tran Thi Loc နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နံနက်ပိုင်းတွင် ဝရဒါဌာဓာတုစေတီယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)သို့ သွားရောက်၍ ပန်း၊ ရေချမ်း၊ ဆီမီးများဖြင့် ကပ်လှူပူဇော်ဖူးမြော်ကာ အလှူတော်ငွေများကို ပေးအပ်လှူဒါန်းသည်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး General, Phung Quang Thanh **နှင့် ဇနီး** Mrs. Tran Thi Loc **တို့ ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၌ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြစဉ်။** (သတင်းစဉ်)

Beijing 2008

တရုတ်ကျွမ်းဘား

ဩဂုတ်၁၂ရက်က ကျွမ်းဘားပြိုင်ပွဲ အဖွဲ့လိုက်တွင် ရွှေတံဆိပ်ရရှိသွားကြသောတရုတ်အသင်းအား တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပေကျင်းအိုလံပစ်အားကစားပြိုင်ပွဲ

ဩဂုတ်၁၂ ရက်က အမျိုးသားဂျူဒိုပြိုင်ပွဲ ၈၁ ကီလိုတန်းတွင်ရွှေတံဆိပ် ရရှိသွားသော ဂျာမနီမှ ကိုလီဗစ်ဟော့ဖ်က တောင်ကိုရီးယားမှကင်ဂျေဗန်ကို အနိုင်ယူစဉ်။

(ဓာတ်ပုံ - အင်တာနက်)

ရွှေစင်၊ရွှေသား ရွှေပြားသက်န်းတော် ကပ်လှူ

ရန်ကုန် သြဂုတ် ၁၂

ရွှေတိဂုံစေတီတော်၌ လေမုန်တိုင်းကြောင့် ပျက်စီးသွားသည့် ရွှေသက်န်းတော်နေရာတွင် အစားထိုးကပ်လှူရန်အတွက် ရွှေစင်ရွှေသား ရွှေပြားသက်န်းတော်သုံးကျပ်သား တစ်ပြားအတွက် ဝေနေယျသုခ ရေချမ်းစင်အသင်း၏ ၁၀၃နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ငွေကျပ် ၁၅သိန်း ၆သောင်းကို ယနေ့တွင် လှူဒါန်းကြောင်း သိရသည်။ (သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

(၄၃)နှစ်မြောက် စင်ကာပူသမ္မတနိုင်ငံ အမျိုးသားနေ့ အထိမ်းအမှတ်ညှော်ခံပွဲသို့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့် ဇနီးတို့ တက်ရောက်လာရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert Chua Hian Kong နှင့် ဇနီးတို့ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

လာအို စက်မှုနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ

နေပြည်တော် သြဂုတ် ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံ၌ ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E . Dr. Nam VIYAKETH ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်း၏ ဇနီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

ဟိတေသီအဖွဲ့ အစည်းအဝေး

ရန်ကုန် သြဂုတ် ၁၂

ရန်ကုန်မြို့ ဗဟန်းမြို့နယ် မဟာစည်သာသနာ့ရိပ်သာ ဟိတေသီအဖွဲ့၏ (၄၂)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို ၁၃၇၀ ပြည့်နှစ် တော်သလင်းလဆန်း ၁ ရက် သြဂုတ် ၃၁ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ဟိတေသီဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ပါ၍ အဖွဲ့ဝင်များ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အကြံဉာဏ်ပေးရန်ရှိပါက သြဂုတ် ၂၈ ရက် နောက်ဆုံးထားပြီး အဖွဲ့ရုံးသို့ ပေးပို့နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

❖ **ကျောဖုံးမှ**

"စီစဉ်တဲ့သူတွေက အသံကောင်းပြီး ရုပ်ချောတဲ့မိန်းကလေးကို လိုချင်ခဲ့ကြတယ်၊ 'လင်'က ရုပ်ရည်လှပပြီး ချစ်စရာကောင်းပေမယ့် ခုနစ်နှစ်အရွယ်သာရှိသေးတဲ့ 'ယန်'က ပိုပြီး အသံကောင်းလို့ ရွေးချယ်သူတွေ အကျပ်ရိုက်ကြရတယ်။ အကြိမ်ကြိမ်စမ်းသပ်ပြီးတဲ့နောက်မှာတော့ 'လင်'ကို သီဆိုဟန် သရုပ်ဆောင်စေပြီး 'ယန်'ကိုတော့ နောက်ကွယ်ကနေ သီဆိုပေးစေဖို့ ဆုံးဖြတ်ခဲ့ကြတယ်"ဟု တေးဂီတဆိုင်ရာ ဒါရိုက်တာချန်ချိကျင်က ပေကျင်းရေဒီယိုနှင့် တွေ့ဆုံရာ၌ ပြောကြားသည်။

'လင်'သည် ပေကျင်းအိုလံပစ်အားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် 'အမိမြေဘွဲ့တေး'ကို သီဆိုဟန်ဖြင့် သရုပ်ဆောင်ခဲ့ပြီးနောက် သူမ၏ ချစ်စဖွယ်ဟန်ပန်အမူအရာကလေးများကြောင့် သတင်းမီဒီယာများတွင် 'ရွှင်ပြုံးနေသည့် နတ်မိမယ်'ကလေးအဖြစ် ထင်ရှားကျော်ကြားလာခဲ့သည်။ ဖွင့်ပွဲအခမ်းအနားတွင် သီဆိုသရုပ်ဆောင်ခဲ့ရစဉ်ကလည်း ပျော်ရွှင်ကြည်နူးမှုကိုခံစားခဲ့ရပြီးနောက်ပိုင်းတွင်လည်း နိုင်ငံတစ်ဝန်းမှ ပရိသတ်အားပေးမှုရရှိခဲ့သည်။

နောက်ကွယ်မှ အသံဖြင့်သီဆိုပေးခဲ့သူ 'ယန်'ကမူ မိမိအနေဖြင့် စိတ်ထိခိုက်ဝမ်းနည်းမှုမရှိပါကြောင်း၊ အိုလံပစ်ပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် သီဆိုဖျော်ဖြေခွင့်ရရှိခဲ့သည့်အတွက် ကျေနပ်ဝမ်းမြောက်မိပါကြောင်း တရုတ်သတင်းစာများက တွေ့ဆုံမေးမြန်းရာတွင် ပြောကြားခဲ့သည်။ ***အင်တာနက်။***

ပေကျင်းအိုလံပစ်အားကစားပြိုင်ပွဲ အားကစားနည်းအလိုက် ရလဒ်များ

ပေကျင်း သြဂုတ် ၁၂

၂၀၀၈ခုနှစ် ပေကျင်း အိုလံပစ်အားကစားပြိုင်ပွဲများကို ယနေ့ ဆက်လက်ကျင်းပရာ အားကစားနည်းအလိုက် ရလဒ်များကို ဖော်ပြလိုက်ပါသည်။

ဘောလုံး (အမျိုးသမီး)

ဘရာဇီး ၃း၁ နိုင်ဂျီးရီးယား
ဂျာမနီ ၁း၀ မြောက်ကိုရီးယား
ဂျပန် ၅း၁ နော်ဝေ
တရုတ် ၂း၀ အာဂျင်တီးနား
ဆွီဒင် ၂း၁ ကနေဒါ
အမေရိကန် ၄း၀ နယူးဇီလန်

သဲသောင်ပြင်ဘော်လီဘော (အမျိုးသမီး)

တရုတ် ၂း၀ ဂျာမနီ
ဘရာဇီး ၃း၁ ဆာဘီးယား

ဘော်လီဘော (အမျိုးသား)

အမေရိကန် ၃း၁ အီတလီ
ရုရှား ၃း၂ ဂျာမနီ

ဘတ်စကက်ဘော (အမျိုးသား)

စပိန် ၈၅း၇၅ တရုတ်
ဂရိ ၈၇း၆၄ ဂျာမနီ
ခရိုအေးရှား ၈၅း၇၈ ရုရှား
လီသူရေးနီးယား ၉၉း၆၇ အီရန်

ဘတ်စကက်ဘော (အမျိုးသမီး)

အမေရိကန် ၁၀၈း၆၃ တရုတ်
စပိန် ၈၅း၆၂ နယူးဇီလန်
ရုရှား ၇၇း၇၂ တောင်ကိုရီးယား

ဂျူဒို-၈၁ကီလို (အမျိုးသား)

ရွှေ-အိုလီဘစ်ဟော့ဖ် (ဂျာမနီ)
ငွေ-ကင်ဂျေးဆန် (တောင်ကိုရီးယား)
ကြေး-တီယာဂိုဂေါမီလို(ဘရာဇီး)

ဂျူဒို-၇၃ကီလို (အမျိုးသား)

ရွှေ-အီလ်နာမာန်မာဒ်လီ (အဇာဘိုင်ဂျန်)
ငွေ-ဝမ်ကီချွန် (တောင်ကိုရီးယား)
ကြေး-ရာစူးလ်ဘိုကစ်(တာဂျစ်ကစ္စတန်)နှင့် လင်းဒရို ဂီလ်အီးရို (ဘရာဇီး)

ဂျူဒို-၆၃ကီလို (အမျိုးသမီး)

ရွှေ-အေယုမိတာနီမိုတို(ဂျပန်)
ငွေ-လူစီဒီကော့စီ(ပြင်သစ်)
ကြေး-အယ်လီဇဘတ် ဝီလီဘရော့စီး(နယ်သာလန်)နှင့် အင်ဝမ်အုတ်(မြောက်ကိုရီးယား)

သေနတ်ပစ် ၁၀မီတာ-ပစ္စတို (အမျိုးသား)

ရွှေ-ဂျင်ဂျောင်အုတ်(တောင်ကိုရီးယား) ၆၆၀. ၄မှတ်
ငွေ-ကင်ကျုန်စု(မြောက်ကိုရီးယား) ၆၆၀. ၂မှတ်
ကြေး-တန်ဇုန်လျံ(တရုတ်)၆၅၉. ၅မှတ်

အလေးမ-၆၉ကီလို (အမျိုးသား)

ရွှေ-လျိုဟူ (တရုတ်)၃၄၈ကီလို
ငွေ-ဗင်ဆဲလပ်စ်ဒါဘာယာ တီယင်ချူး (ပြင်သစ်)၃၃၈ကီလို
ကြေး-တိုင်ဂရမ်ဂီဘောက်မာကီရိုစန်(အာမေးနီးယား) ၃၃၈ကီလို

အလေးမ-၆၃ကီလို (အမျိုးသမီး)

ရွှေ-ပက်ဟုန်ဆုတ် (မြောက်ကိုရီးယား)၂၄၁ကီလို
ငွေ-အာရိနာနက်ရာဆိုဗာ(ကာဇက်စတန်)၂၄၀ကီလို
ကြေး-လုယင်ရှီ [တရုတ်(တိုင်ပေ)] ၂၃၁ကီလို

အဖွဲ့လိုက် ကျွမ်းဘား (အမျိုးသား)

ရွှေ-တရုတ် ၂၈၆. ၁၂၅မှတ်
ငွေ-ဂျပန် ၂၇၈. ၈၇၅မှတ်
ကြေး-အမေရိကန် ၂၇၅. ၈၅၀မှတ်

စည်းချက်ညီ ပလက်ဖောင်းဒိုင်ဗင်(အမျိုးသမီး)

ရွှေ-ဝမ်စင်-ချင်ယိုလင်(တရုတ်) ၃၆၃. ၅၄မှတ်
ငွေ-ဘရိုင်ယိုနီကိုးလ်-ဖိလစ်စာဝူ (ဩစတြေးလျ) ၃၃၅. ၁၆မှတ်
ကြေး-ပေါ်လာအက်စ်ပီနိုစာ-တာတီယာနာအော်တစ် (မက္ကဆီကို) ၃၃၀. ၀၆မှတ်

အိုလံပစ် အားကစားပွဲတော် ဖွင့်ပွဲတွင် သီချင်းသီဆိုသူ'ယန်'။

အိုလံပစ် အားကစားပွဲတော် ဖွင့်ပွဲတွင် သရုပ်ဆောင်သူ'လင်'။

၂၀၀၈ ခုနှစ် ပေကျင်းအိုလံပစ်ပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု ဇယား

(၁၂-၈-၂၀၀၈)

စဉ်	နိုင်ငံ	ရွှေ	ငွေ	ကြေး	စုစုပေါင်း
၁	တရုတ်	၁၃	၃	၄	၂၀
၂	အမေရိကန်	၇	၇	၈	၂၂
၃	တောင်ကိုရီးယား	၅	၆	၁	၁၂
၄	ဂျာမနီ	၄	၁	၁	၆
၅	အီတလီ	၃	၄	၂	၉
၆	ဩစတြေးလျ	၃	၂	၅	၁၀
၇	ဂျပန်	၃	၁	၂	၆
၈	ရုရှား	၂	၄	၃	၉
၉	အင်္ဂလန်	၂	၁	၃	၆
၁၀	ချက်	၂	၀	၀	၂
၁၁	မြောက်ကိုရီးယား	၁	၂	၄	၇
၁၂	အဇာဘိုင်ဂျန်	၁	၂	၀	၃
၁၃	နယ်သာလန်	၁	၁	၂	၄
၁၄	စလိုဗက်ကီးယား	၁	၁	၀	၂
၁၅	ဖင်လန်	၁	၀	၁	၂
၁၆	ရိုမေးနီးယား	၁	၀	၁	၂
၁၇	စပိန်	၁	၀	၁	၂
၁၈	အိန္ဒိယ	၁	၀	၀	၁
၁၉	ထိုင်း	၁	၀	၀	၁
၂၀	ပြင်သစ်	၀	၇	၂	၉
၂၁	ဇင်ဘာဘွေ	၀	၂	၀	၂
၂၂	ဩစတြီးယား	၀	၁	၁	၂
၂၃	ကျူးဘား	၀	၁	၁	၂
၂၄	ကာဇက်စတန်	၀	၁	၁	၂
၂၅	ကိုလံဘီယာ	၀	၁	၀	၁
၂၆	ဟန်ဂေရီ	၀	၁	၀	၁
၂၇	နော်ဝေ	၀	၁	၀	၁
၂၈	ဆွီဒင်	၀	၁	၀	၁
၂၉	တူရကီ	၀	၁	၀	၁
၃၀	ဗီယက်နမ်	၀	၁	၀	၁
၃၁	ဘရာဇီး	၀	၀	၃	၃
၃၂	အာမေးနီးယား	၀	၀	၂	၂
၃၃	တရုတ်(တိုင်ပေ)	၀	၀	၂	၂
၃၄	အင်ဒိုနီးရှား	၀	၀	၂	၂
၃၅	အယ်ဂျီးရီးယား	၀	၀	၁	၁
၃၆	အာဂျင်တီးနား	၀	၀	၁	၁
၃၇	ဘီလာရုစ်	၀	၀	၁	၁
၃၈	ခရိုအေးရှား	၀	၀	၁	၁
၃၉	ဂျော်ဂျီယာ	၀	၀	၁	၁
၄၀	ကာဂျစ်စတန်	၀	၀	၁	၁
၄၁	မက္ကစီကို	၀	၀	၁	၁
၄၂	ဆွစ်ဇာလန်	၀	၀	၁	၁
၄၃	တာဂျစ်ကစ္စတန်	၀	၀	၁	၁
၄၄	တိုဂို	၀	၀	၁	၁
၄၅	ယူကရိန်း	၀	၀	၁	၁
၄၆	ဥဇဘက်ကစ္စတန်	၀	၀	၁	၁

ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး သတ္တမအကြိမ် အဆို၊ အက၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၂

ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ သတ္တမအကြိမ် အဆို၊ အက၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၁ ရက် နံနက် ၇ နာရီခွဲတွင် မန္တလေးမြို့ အမှတ်(၃)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲရှိ ကဇာတ်ခန်းမ၌ ကျင်းပရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းအောင် တက်ရောက်အားပေးချီးမြှင့်သည်။

အခမ်းအနားသို့ မန္တလေးတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး) နှင့် အနုပညာဦးစီးဌာန(မန္တလေး) တို့မှ အကြံပေးပညာရှင်များ၊ အကဲဖြတ်ဒိုင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင် စစ်သည်၊ စစ်သမီးများနှင့် အနုပညာဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီး ညိုဝင်းက အဖွင့်အမှာစကား ပြောကြားပြီး အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ပထမနေ့ ပြိုင်ပွဲများကို စတင်ကျင်းပရာ နေ့ပိုင်းအစီအစဉ်အရ ခေတ်ဟောင်းတေး အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲများနှင့် ညပိုင်းတွင် အငြိမ့်ပြိုင်ပွဲကို ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးညိုဝင်း ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ သတ္တမအကြိမ် အဆို၊ အက၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့် ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ချင်းတွင်းမြစ်ရေအခြေအနေ

ဩဂုတ် ၁၂ ရက် မွန်းလွဲ ၁ နာရီအချိန်ထုတ်ပြန်ချက်

ချင်းတွင်းမြစ်ရေသည် ယနေ့မွန်းလွဲ မြန်မာစံတော်ချိန် ၁၂ နာရီခွဲ တိုင်းထွာချက်အရ ကလေးဝမြို့တွင် စင်တီမီတာ ၁၄၅၀ သို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ် စင်တီမီတာ ၁၅၅၀ သို့ ရောက်နိုင်ဖွယ်ရာရှိသည်။

အဆိုပါမြစ်ရေသည် မုံရွာမြို့တွင်လည်း နောက်နှစ်ရက်အတွင်း လက်ရှိရေမှတ်အထက် နှစ်ပေခန့် မြင့်တက်လာနိုင်သော်လည်း ယင်းမြို့၏စိုးရိမ်ရေမှတ်ရောက်ရန် နှစ်ပေခန့်အကွာသို့ ရောက်ရှိနေမည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

တုံကင်ပင်လယ်ကွေ့မှ အပူပိုင်းမုန်တိုင်းငယ် အနောက်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားမည်ဟုခန့်မှန်းရ

ရန်ကုန် ဩဂုတ် ၁၂

ယနေ့ နံနက် ၉နာရီခွဲအချိန်ထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့်မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာခဲ့ပြီး စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် ဒေသအလိုက်နှင့် ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်၍မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ရေးမြို့တွင် ၄ဒသမ၇၇လက်မ၊ ခန္တီးမြို့တွင် ၄ဒသမ၁၇လက်မ၊ နောင်ချိုမြို့တွင် ၃ဒသမ၈၆လက်မ၊ ကလေးဝမြို့တွင် ၃ဒသမ၆၂လက်မ၊ ကျောက်တော်မြို့တွင် ၃ဒသမ၄၂လက်မ၊ တောင်ငူမြို့တွင် ၃ဒသမ၂၇လက်မ၊ ခရမ်းမြို့တွင် ၃ဒသမ၂၃လက်မ၊ သထုံမြို့တွင်၂ဒသမ၈၄လက်မ၊ ဘားအံမြို့တွင် ၂ဒသမ၈၀ လက်မ၊ တောင်ငူ(လေကြောင်း)တွင် ၂ဒသမ၄၈လက်မ၊ ထားဝယ်မြို့တွင် ၂ဒသမ၃၂ လက်မ နှင့် အောင်လံမြို့နှင့် မော်လမြိုင်မြို့တို့တွင် ၂ဒသမ၁၃လက်မစီတို့ဖြစ်ကြသည်။ **ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအား အသင့်အတင့်ရှိနေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေသည်။

ထူးခြားသည့်အခြေအနေ။ ။ ယနေ့ နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲအချိန် တိုင်းထွာချက်များအရ တုံကင်ပင်လယ်ကွေ့(တောင်တရုတ်ပင်လယ်ပြင်)တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်သည် သိသိသာသာ ရွေ့လျားခြင်းမရှိဘဲ ဗီယက်နမ်နိုင်ငံ ဟန်ွိုင်းမြို့၏ အရှေ့တောင်ဘက် မိုင် ၁၁၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ မုန်တိုင်းငယ်သည် အနောက်ဘက်သို့ဖြည်းညင်းစွာရွေ့လျားမည်ဟု ခန့်မှန်းရသည်။

ဩဂုတ် ၁၃ရက် ညနေထိ ခန့်မှန်းချက်။ ။ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။ **မြန်မာ့ပင်လယ်ပြင်တွင်။** ။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့် ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်။ ။ မုတ်သုံလေ အများအားဖြင့် အားကောင်းမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်	၂၇ဒသမ၅ဒီဂရီစင်တီဂရိတ် (၈၂ဒီဂရီဖာရင်ဟိုက်)	၁၁-၈-၂၀၀၈
အနိမ့်ဆုံးအပူချိန်	၂၁ဒသမ၃ဒီဂရီစင်တီဂရိတ် (၇၀ဒီဂရီဖာရင်ဟိုက်)	၁၂-၈-၂၀၀၈
၀၉း၃၀နာရီအချိန်	စိုထိုင်းဆ ၁၀၀ ရာခိုင်နှုန်း	၁၂-၈-၂၀၀၈
နေပူသည့်နာရီပေါင်း	မရှိပါ	၁၁-၈-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၁၂-၈-၂၀၀၈	၄၂မမ(၁. ၆၅လက်မ)	၄၄မမ(၁. ၇၄လက်မ)	၃၆မမ(၁. ၄၂လက်မ)
၁-၁-၂၀၀၈မှ	၁၈၄၀မမ	၂၀၇၀မမ	၂၄၂၇မမ
ယနေ့ အထိ	(၇၂ဒသမ၄၄လက်မ)	(၈၁ဒသမ၅၀လက်မ)	(၉၅ဒသမ၅၅လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၁-၈-၂၀၀၈ရက် ၂၂း၃၀နာရီတွင် အရှေ့တောင်ဘက်မှ တစ်နာရီ ခြောက်မိုင်နှုန်း တိုက်ခတ်သည်။

ဧရာဝတီတိုင်းအတွင်းရှိ ကျေးရွာစာသင်ကျောင်းများ၌ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်မင်းနှင့်အဖွဲ့ ကျန်းမာရေးစောင့်ရှောက်ပေးခဲ့

ရန်ကုန် ဩဂုတ် ၁၂

ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်မင်း ခေါင်းဆောင်သော အဖွဲ့ဝင် ၂၂ ဦး ပါဝင်သည့် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့သည် နာဂစ်လေဘေးသင့်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ကျောင်းကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရည်ရွယ်ချက်ဖြင့် ဇူလိုင် ၂၉ ရက်မှ ၃၁ ရက်အထိ ဧရာဝတီတိုင်း ဖျာပုံခရိုင် ဖျာပုံမြို့နယ်နှင့် ဒေးဒရဲမြို့နယ်များသို့ ထွက်ခွာခဲ့ကြသည်။

ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်မင်း ခေါင်းဆောင်သော ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့ ဧရာဝတီတိုင်း ဖျာပုံခရိုင် ဖျာပုံမြို့နယ်နှင့် ဒေးဒရဲမြို့နယ်များရှိ တမံကျေးရွာ၊ မရမ်းဝကျေးရွာနှင့် သမိန်ထောကျေးရွာအုပ်စုများမှ အခြေခံပညာအထက်တန်းကျောင်းနှစ်ကျောင်းနှင့်အခြေခံပညာမူလတန်းကျောင်းများမှကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးဆေးစစ်ပေးစဉ်။ (သတင်းစဉ်)

ယင်းအဖွဲ့သည် အဆိုပါဒေသများရှိ တမံကျေးရွာ၊ မရမ်းဝကျေးရွာနှင့် သမိန်ထော ကျေးရွာအုပ်စုများမှ အခြေခံပညာ အထက်တန်းကျောင်း နှစ်ကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေး စစ်ဆေးပေးခြင်း၊ ကျောင်းကျန်းမာရေး ပညာပေး ဟောပြောပွဲများကို အပြန်အလှန် မေးမြန်းသော နည်းလမ်းဖြင့် ဟောပြောခြင်း၊ ကျောင်းသား၊ ကျောင်းသူများအတွက် ဗလာစာအုပ်များ၊ စာရေးကိရိယာများနှင့် ကျောင်းကျန်းမာရေးနှင့် ဆက်စပ်သောပစ္စည်းများ၊ လက်ကမ်းစာစောင်များကို ဝေငှလှူဒါန်းခြင်းများ ဆောင်ရွက်ခဲ့သည်။

ဟောပြောပွဲများတွင် ဘာသာရပ်ဆိုင်ရာ ဆရာဝန်ကြီးများနှင့် ပညာရှင်များက ကျောင်းအဆင့်အလိုက် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် လက်ဆေးခြင်း၊ သန်ကောင်စွဲရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါ၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ဆေးလိပ်၊ စီးကရက်သောက်ခြင်း၏ ဆိုးကျိုးများ၊ တီဘီ အဆုတ်ရောဂါနှင့် ခုခံအားကျကာလသားရောဂါတို့ကို ဟောပြောခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၃-၈-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ တေးဂီတအစီအစဉ်
- ၇း၅၀ ၅။ သီချင်းကြီးပဒေသာ
- ၈း၀၀ ၆။ အကပြိုင်ပွဲ
- ၈း၁၀ ၇။ တေးဂီတအစီအစဉ်
- ၈း၂၀ ၈။ အတီးပြိုင်ပွဲ
- ၈း၃၀ ၉။ International News.
- ၈း၄၅ ၁၀။ **"အရေးကြီးလို့ပါ" (ခင်လှိုင်၊ ခင်နွဲ့နွဲ့မူ) (ဒါရိုက်တာခင်နွဲ့နွဲ့မူ)**
- ၈း၅၀ ၁၁။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ ကြေးမုံရိပ်သွင် တေးနုယဉ်
- ၄း၂၀ ၃။ **"အေးမြသော လေညင်းကလေးများ" (မေတ္တာ၊ ဇေယျ၊ စိုးမိုးကြည်၊ ဇူးဇူးမောင်) (ဒါရိုက်တာ-အောင်မိုး-ပဲရစ်)**
- ၄း၃၅ ၄။ အဆိုပြိုင်ပွဲ
- ၄း၄၅ ၅။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၀၅ ၇။ တေးဂီတအစီအစဉ်
- ၅း၂၀ ၈။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၅း၃၀ ၉။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၂။ မြန်မာ့ဝလေ့ရိုးရာလက်ဝှေ့
- ၆း၅၀ ၁၃။ ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
- ၇း၁၅ ၁၄။ "ဆိုလိုက်ကြစို့"
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ ၂၀၀၇ခုနှစ်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြဇာတ်ပြိုင်ပွဲ "စည်းလုံးစို့လေ သွေးချင်းတို့ရဲ့ပြည်" (တတိယဆု) (ဧရာဝတီတိုင်း)
- ၁၉။ အစီအစဉ်ပြီး၏။

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၆၂၈)ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၁၂

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၆၂၈)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉ လမ်းထောင့်) Central Tower ပထမထပ်ရှိ Sewsone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်တွင် အမျိုးသမီးများ အသားအရေ စိုပြည်ဝင်းမွတ်တောက်ပစေမည့်ဆေးသစ် မြန်မာနိုင်ငံသို့ရောက်ပြီ၊ အွန်လိုင်းစာမေးပွဲများကို လိမ်ညာဖြေဆိုခြင်းမှကာကွယ်နိုင်ရန် Biometric စနစ်ဖြင့် မြန်မာနိုင်ငံတွင် စတင်အသုံးပြု၊ ရန်ကုန်မြို့တော်စည်ပင်မှ ဘိုင်အိုဒီဇယ်စက်ရုံတစ်ရုံတည်ဆောက်ရန်ရှိ၊ ဆရာကြီးမင်းသိခ်၏ နောက်ဆုံးခရီးမြင်ကွင်းအပြည့်အစုံ၊ ဆရာကြီးကွယ်လွန်ပြီးနောက် အယူတော်မင်္ဂလာခြံကြီးနှင့် ပတ်သက်၍၊ ဆရာမင်းသိခ်ကိုယ်စား ဗေဒင်ပါရဂူဘွဲ့ကို သွားယူမည့်သူ၊ အွန်စော်ဆီသွားမယ့် ဂျွန်စောများသိထားဖို့၊ ဆားငန်ရေဝင်သွားသော ရေတွင်းရေကန်များကို သန့်စင်ရန် ဆားစားသည့် ဇီဝပိုးကောင်များ မွေးမြူရောင်းချမည်၊ ရန်ကုန်မြို့တော်အတွင်း ယခုလကုန်အပြီး လမ်းပေါက်များ ဖာထေးမည်၊ ယုဇနပလာဇာမှ လုံခြုံရေးတစ်ဦး ကိုးလွှာက ပြုတ်ကျ၍သေဆုံး၊ မိတ်ဆွေအချင်းချင်း ရက်ရက်စက်စက်သတ်ခဲ့သည့် လူသတ်တရားခံမိပြီ၊ အမေရိကန်ရေငုပ်သင်္ဘောမှ အဏုမြူဓာတ်ငွေ့ ယိုစိမ့်မှုကြောင့် ဂျပန်တွင်ရုတ်ရုတ်သဲသဲဖြစ်၊ ၁၁ နှစ်သားက မိကျောင်း၏ မျက်လုံးကိုထိုးဖောက်ကာထွက်ပြေးနိုင်ခဲ့၊ ကမ္ဘာ့ပထမဆုံး လက်နှစ်ဖက်စလုံး အစားထိုးကုသမှုအောင်မြင်၊ လက်ချောင်း ၁၂ ချောင်းနှင့် ခြေချောင်း ၁၄ ချောင်းရှိသူ၊ ကွန်ပျူတာ၌ Windows စနစ် ချုပ်ငြိမ်းတော့မည်လော၊ အိုလံပစ်ပွဲတော်ည မိုးမဖျက်အောင် တရုတ်တို့က ဒုံးကျည်တစ်ထောင်ကျော် ပစ်လွှတ်ခဲ့၊ ကမ္ဘာ့အကြီးမားဆုံးနှင့် အခမ်းနားဆုံး အိုလံပစ်ပွဲတော်ကြီးဖွင့်လှစ်၊ တကယ့်ကြောင်တွေ တကယ်လျှောက်တဲ့ Catwalk ပွဲကျင်းပ၊ ထိုင်းဝန်ကြီးချုပ်ဟောင်း သက်ဆင်နှင့်ဇနီး ပေကျင်းမြို့မှလန်ဒန်သို့ ထွက်ခွာသွား၍ နိုင်ငံရေးခိုလှုံခွင့်တောင်းခံမည်၊ ဂျော်ဂျီယာနှင့် ရုရှားတိုက်ပွဲဖြစ်ပွား၍ ရုရှားတပ်များက လေကြောင်းမှတိုက်ခိုက်စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံကို မေတ္တာလက်ဆောင် အချပ်ပိုများနှင့်အတူ ထည့်သွင်းဖော်ပြထားကြောင်းနှင့် အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမေရိကန်ကွန်ဂရက်၏ တောင်းဆိုမှုအား ငြင်းပယ်ရန် အင်ဒိုနီးရှား ပြည်သူ့အတိုင်ပင်ခံအဖွဲ့ တိုက်တွန်း

ဂျကာတာ ဩဂုတ် ၁၂

မတရားအသင်း ကြေညာထားခြင်းခံရသော လွတ်လပ်သော ပါပူဝါ လှုပ်ရှားမှုအဖွဲ့ (အိုပီအမ်) အား ထောက်ခံသူနှစ်ဦးကို ခြွင်းချက်မရှိ လွှတ်ပေးရန် အမေရိကန်ကွန်ဂရက်၏ တောင်းဆိုချက်ကို ငြင်းပယ်ရန် အင်ဒိုနီးရှား ပြည်သူ့အတိုင်ပင်ခံအဖွဲ့(အမ်ပီအာရ်)၏ ဥက္ကဋ္ဌ ဟိဒါရပ်နာဝါဟစ်က တနင်္ဂနွေနေ့တွင် တောင်းဆိုလိုက်သည်။

အင်ဒိုနီးရှားသမ္မတ အနေဖြင့် အမေရိကန် ကွန်ဂရက်၏ မေတ္တာရပ်ခံချက်ကို ငြင်းပယ်ရမည်ဟု နာဝါဟစ်၏ပြောကြားချက်ကို အန်ကာရာ သတင်းဌာနက ကိုးကားဖော်ပြသည်။

အမေရိကန်ကွန်ဂရက်၏ တောင်းဆိုချက်သည် အင်ဒိုနီးရှားအစိုးရ၏ ပြည်တွင်းရေးရာကိစ္စကို ဝင်ရောက်စွက်ဖက်ခြင်းဖြစ်၍ လွန်စွာဝမ်းနည်းကြောင်း၊ ဤကိစ္စသည် နိုင်ငံ၏ အချုပ်အခြာအာဏာ ပိုင်ဆိုင်ခွင့်ကို ကျူးကျော်သောပုံစံဖြစ်ကြောင်းအမ်ပီအာရ်၏ဥက္ကဋ္ဌက ပြောကြားသည်။

ခွဲထွက်ရေးသမားများ၏ ပြဿနာကို ကိုင်တွယ်ဖြေရှင်းရန် ကိုယ်ပိုင်စည်းမျဉ်းဥပဒေများနှင့် အဖွဲ့အစည်းများရှိပြီးဖြစ်ကြောင်း ၎င်းကထပ်မံပြောဆိုသည်။

အင်ဒိုနီးရှားအစိုးရအဖွဲ့၏နိုင်ငံခြားရေးဝန်ကြီး ဟက်တာရတ်ဂျာဆာက အမေရိကန်ကွန်ဂရက်၏ မေတ္တာရပ်ခံစာကို တနင်္ဂနွေနေ့နံနက်ပိုင်းအထိ မရရှိသေးကြောင်း ပြောကြားသည်။

အမေရိကန်ကွန်ဂရက်မှ အထက်လွှတ်တော် အမတ်၄၀က အင်ဒိုနီးရှားသမ္မတထံ စာရေး၍ အိုပီအမ်ကို ထောက်ခံသူ နှစ်ဦးအား လွှတ်ပေးရန် တောင်းဆိုထားသည်ဟု သတင်းများက ဆိုသည်။

အရေးယူခံထားရသူ ဖီလက်ပ်ကာမနှင့် ယူဆပ်ပါကာဂျီ နှစ်ဦးအား ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်က ပါပူအာအဘီပူရာတွင် အိုပီအမ်၏ အလံတော်ကို လွှင့်ထူခဲ့သည့်အတွက် ၂၀၀၅ ခုနှစ် မေလတွင် ထောင်ဒဏ် ၁၅နှစ်နှင့် ၁၀ နှစ်စီအသီးသီး ချမှတ်ခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဂါဇာကမ်းမြောင်ဒေသ လေ့ကျင့်ရေးစခန်း၌ ပါလက်စတိုင်း ဟားမတ်စ် စစ်သွေးကြွတစ်ဦး လေ့ကျင့်နေသည်ကို ဩဂုတ် ၁၀ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကဘူးမြို့ လုံခြုံရေးကို အာဖဂန်တပ်ဖွဲ့များထံ လွှဲပြောင်းပေးမည်

ကဘူး ဩဂုတ် ၁၂

အာဖဂန်အစိုးရ တပ်ဖွဲ့သည် မကြာမီအချိန်တွင် မြို့တော်ကဘူး၏ လုံခြုံရေးကို ပြန်လည်လွှဲပြောင်းရယူမည်ဖြစ်ကြောင်း၊ အာဖဂန်စစ်ဘက်နှင့် ရဲတပ်ဖွဲ့တို့ အင်အားကောင်းလာသည့်အခြေအနေကိုထင်ဟပ်ပြသလိုက်သော လုပ်ဆောင်ချက်တစ်ရပ်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

၂၀၀၁ ခုနှစ် ကတည်းကစ၍ တာလီဘန်တို့၏ အသေခံတိုက်ခိုက်မှု၊ လမ်းဘေးဗုံးဖောက်ခွဲမှုတို့ကို တိုးမြှင့် လုပ်ဆောင်လာသည့်အတွက် ယခုအခါ သေဆုံးသူ ဦးရေလည်း များပြားလာကြောင်း သိရသည်။

သို့သော် အာဖဂန်တပ်ဖွဲ့ အင်အားလည်း ပုံမှန်တိုးမြှင့်လာပြီးဖြစ်သည့်အတွက် ယမန်နှစ်အလားတူကာလကထက် ၂၀၀၈ ခုနှစ်တွင် ကဘူးမြို့တွင် တိုက်ခိုက်မှုများ နည်းပါးလာသည်ကို တွေ့ရှိရကြောင်း သတင်း၌ ဖော်ပြထားသည်။

ကဘူးလုံခြုံရေး တာဝန်များကို နိုင်ငံတကာတပ်ဖွဲ့များတာဝန်ယူနေရာမှ မကြာမီအချိန်ကာလအတွင်းတွင် အာဖဂန်လုံခြုံရေးတပ်ဖွဲ့သို့လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်း အာဖဂန်ကာကွယ်ရေးတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ မိုဟာမက်ဇာဟာအဇီမီက ပြောကြားသည်။ အနောက်အုပ်စုလိုလားသည့် အာဖဂန်အစိုးရကို တိုက်ခိုက်နေသော တာလီဘန်စစ်သွေးကြွများကို အာဖဂန်တွင် တပ်ချထားသည့် ပြည်ပတပ်ဖွဲ့များက နှိမ်နှင်းလျက်ရှိသည်။ အာဖဂန်နစ္စတန်တွင် အမေရိကန် ဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့ စစ်အခြေစိုက်စခန်းထားရှိသည့်အပြင် နေတိုးဦးဆောင်သော ပြည်ပတပ်ဖွဲ့ဝင် အင်အား ၇၀၀၀၀ ခန့်လည်းရှိသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အိန္ဒိယသမုဒ္ဒရာတွင် အင်အားပြင်းငလျင်လှုပ် ဆူနာမီလှိုင်း သတိပေးချက် မထုတ်ပြန်

နယူးဒေလီ ဩဂုတ် ၁၂

အိန္ဒိယသမုဒ္ဒရာတွင် ဩဂုတ် ၁၀ ရက်က ရစ်ချ်တာစကေး ၆ ဒသမ ၀ အဆင့်ရှိ အင်အားပြင်းငလျင်လှုပ်ခဲ့ကြောင်း၊ သို့သော် ဆူနာမီရေလှိုင်း သတိပေးချက် ထုတ်ပြန်မှုမရှိကြောင်း အိန္ဒိယ မိုးလေဝသဌာန(အိုင်အမ်ဒီ)က သတင်းထုတ်ပြန်သည်။

အိန္ဒိယ မိုးလေဝသဌာနက ကနဦးသတင်းထုတ်ပြန်ရာတွင် ရစ်ချ်တာစကေး ၆ ဒသမ ၆ အဆင့်ရှိ မြေငလျင်လှုပ်မည်ဟု ဖော်ပြထားသည်။

ကမ္ဘာ့စံတော်ချိန် ဝ၈း၂၂နာရီက ဒေသဆိုင်ရာ မြို့တော်ပို့ဘလဲ၏ အနောက်တောင်ဘက် ၁၄၅ ကီလိုမီတာတွင် ငလျင်လှုပ်ခဲ့ရာ ပျက်စီးမှုသတင်းမရရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ပို့ဘလဲတွင် နေထိုင်သူများသည် ငလျင်လှုပ်သည့်ဒဏ်ကြောင့် ၎င်းတို့အိမ်များမှ ပြေးထွက်ကာ ငလျင်လှုပ်ရှားမှု ငြိမ်သက်သွားသည်အထိ မြေကွက်လပ်များတွင်နေ၍စောင့်ဆိုင်းနေကြသည်ဟု ရိုက်တာသတင်းဌာနသို့ မျက်မြင်တွေ့ရှိသူက ပြောကြားသည်။

ငလျင်လှုပ်ခတ်မှုမှာ ခြောက်စက္ကန့်မှ ခုနစ်စက္ကန့်ခန့် ကြာမြင့်ကြောင်း၊ ဟိုတယ်၌ တည်းခိုနေသူများလည်း ပြင်ပသို့ ထွက်ပြေးခဲ့ကြောင်း ဒေသဆိုင်ရာ ဟိုတယ်ပိုင်ရှင်တစ်ဦးက ပြောကြားသည်။

အဆိုပါမြို့၏ နေရာအချို့တွင် ဓာတ်အားခေတ္တခဏပျက်ခဲ့ကြောင်း၊ ယခုချိန်အထိ သေဆုံးမှုနှင့် ပျက်စီးမှုသတင်းကို မရရှိသေးကြောင်း ကပ္ပလီကျွန်းဒေသ ဘေးအန္တရာယ် ထိန်းသိမ်းရေးအဖွဲ့ဥက္ကဋ္ဌ အက်စ်အင်ဂျဟားက ရိုက်တာသို့ ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဖိလစ်ပိုင်တောင်ပိုင်းတွင် တနင်္ဂနွေနေ့က သူပုန်စခန်းအား ဖိလစ်ပိုင်တပ်ဖွဲ့က အမြောက်ကြီးဖြင့် ပစ်ခတ်နေသည်ကို ဩဂုတ် ၁၀ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကိုရီးယားနိုင်ငံ ပဋိပက္ခကို ငြိမ်းချမ်းစွာဖြေရှင်းရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တိုက်တွန်း

ကုလသမဂ္ဂ ဩဂုတ် ၁၂

ဂျော်ဂျီယာနိုင်ငံတွင် ဖြစ်ပေါ်နေသော စစ်ပွဲကို ချက်ချင်းအဆုံးသတ်ပြီး ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်မည့်နည်းလမ်းကို ရှာဖွေကြရန် သက်ဆိုင်သူများအားလုံးသို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက စနေနေ့တွင် တိုက်တွန်းလိုက်သည်။

ညှိနှိုင်းခြင်းသည်ငြိမ်းချမ်းစွာဖြေရှင်းနိုင်မည့်နည်းဖြစ်၍ ကြန့်ကြာခြင်းမရှိဘဲ ချက်ချင်း ညှိနှိုင်းဆွေးနွေးကြရန်၊ စစ်ဖြစ်ပွားမှုကို ချက်ချင်းအဆုံးသတ်ရန် သက်ဆိုင်သူများ အားလုံးကို နှိုးဆော်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ သတင်းထုတ်ပြန်ရေးရုံးက စနေနေ့ နှောင်းပိုင်းတွင် ကြေညာသည်။

ဂျော်ဂျီယာတွင် ဖြစ်ပွားသော စစ်ပွဲကြောင့် ဂျော်ဂျီယာနိုင်ငံနှင့် တောင်ပိုင်းအော်ဆက်တီးယား ဒေသတွင် ထိခိုက်သေဆုံးမှု များပြားလာပြီး အပျက်အစီး ကြီးမားစွာဖြစ်ပေါ်နေသည့်အတွက် စိုးရိမ်မှုကြီးစွာဖြစ်ကြောင်း ကုလသမဂ္ဂရုံးကသတင်းထုတ်ပြန်သည်။

အထူးသဖြင့် ထိုပဋိပက္ခသည် ဂျော်ဂျီယာနိုင်ငံနှင့် တောင်ပိုင်းအော်ဆက်တီးယားဇုန် ပြင်ပအထိ ကူးစက်ပြန့်ပွားလာမည်ကို စိုးရိမ်ကြောင်း ထိုကြေညာချက်တွင် ဖြည့်စွက်ဖော်ပြထားသည်။

ယခုအခါ ပြင်သစ်သမ္မတဆာကိုဇီသည် ရုရှားနှင့် ဂျော်ဂျီယာ နှစ်နိုင်ငံသို့ လွန်းပျံသွားရောက်ပြီး အပစ်အခတ်ရပ်စဲရေး ကြိုးပမ်းလျက်ရှိရာ နှစ်နိုင်ငံစလုံးက အပစ်အခတ်ရပ်စဲရေး အစီအစဉ်ကို လက်ခံကြောင်း သိရသည်။ ***အင်တာနက်။***

အိဒ်စ်ကြောင့်မိဘမဲ့ ဖြစ်ရသည့်ကလေးများအတွက် တရုတ်၌ နွေရာသီစခန်းဖွင့်

ပေကျင်း ဩဂုတ် ၁၂

တရုတ်နိုင်ငံတွင် အိဒ်စ်ရောဂါကြောင့်မိဘမဲ့များဖြစ်ခဲ့ရသည့်ကလေးများအတွက်ငါးကြိမ်မြောက် နွေရာသီစခန်းကို စနေနေ့က ဖွင့်လှစ်ခဲ့သည်။ ထိုစခန်းတွင် ပြည်နယ်ခြောက်ခုခရိုင် ၁၄ခုမှ အိဒ်စ်/အိပ်ချ်အိုင်ဗွီ ဗိုင်းရပ်စ်ကြောင့် မိဘမဲ့ဖြစ်ခဲ့သည့် ကလေး ၁၀၀ ခန့် ပါဝင်တက်ရောက်မည်ဖြစ်သည်။

အဆိုပါလူမှုရေးဆိုင်ရာဆောင်ရွက်လှုပ်ရှားမှုကိုတရုတ်နိုင်ငံ ကလေးငယ်များပြုစုစောင့်ရှောက်ရေး အမျိုးသားကော်မရှင်(စီအင်န်စီစီစီ)၊ အိဒ်စ်ကြိုတင်ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးအဖွဲ့နှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်)တို့ ပူးပေါင်းစီစဉ်ခြင်း ဖြစ်သည်။

သက်တူရွယ်တူကလေးအယောက် ၂၀နှင့်အတူအိပ်ချ်အိုင်ဗွီ/အိဒ်စ်ရောဂါဌာနမှ ကရုဏာရှင် ၂၀တို့သည် ထိုစခန်းတွင် ရက်သတ္တပတ်ကြာ အတူနေထိုင် ကစားကြမည်ဖြစ်သည်။ ထို့အပြင် ၎င်းတို့သည် ကလေးများနှင့်အတူ အိုလံပစ်ပွဲများကိုသွားရောက်ကြည့်ရှုခြင်း၊ အမျိုးသားစာပို့လုပ်ငန်းပြခန်းသို့လည်း လည်ပတ်ခြင်းနှင့် အခြား အစီအစဉ်များကိုလည်း ဆောင်ရွက်ကြမည်ဖြစ်သည်။ ***အင်တာနက်။***

ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဩဂုတ် ၁၁ရက်က ကျင်းပသော စနိုပီ ပွဲတော်တွင် စနိုပီအရုပ်များ ဖျော်ဖြေ တင်ဆက်နေသည်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အိုင်အေအီးအေနှင့် ဆွေးနွေးပွဲသည် အပြုသဘောဆောင်ကြောင်း အီရန်ပြောကြား

တီဟီရန် ဩဂုတ် ၁၂

နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ)မှ အရာရှိများနှင့် တွေ့ဆုံဆွေးနွေးရခြင်းသည် အပြုသဘော ဆောင်ကြောင်း၊ အနာဂတ်တွင်လည်း ထိုအေဂျင်စီနှင့် တီဟီရန်တို့ နျူကလီးယားစွမ်းအင် အစီအစဉ်ကို ဆက်လက်ဆွေးနွေးရန် ခိုင်မာစွာဆုံးဖြတ်ထားကြောင်းသတင်းဌာနတစ်ခုက သောကြာနေ့တွင် ဖော်ပြသည်။

ရောက်ရှိ

အိုင်အေအီးအေ၏ စစ်ဆေးရေးတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး အိုလ်လီဟိုင်းနိုနင်သည် အီရန်နိုင်ငံက နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီမှ စစ်ဆေးသူများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင်တိုးတက်မှုရှိစေရေး တွေ့ဆုံ ဆွေးနွေးရာတွင် အထောက်အပံ့ပြုနိုင်ရန် တီဟီရန်သို့ ကြာသပတေးနေ့က ရောက်ရှိလာသည်။

ပြောကြား

ဟိုင်းနိုနင် ရောက်ရှိနေခြင်းသည် အီရန်က အဏုမြူဖုံးပုံစံ ရေးဆွဲရန် ကြိုးစားနေသည်ဟု ဆိုသော ထောက်လှမ်းရေးသတင်းများအပေါ် ရှင်းလင်းစွာ သိရှိနိုင်ရန် ထပ်မံကြိုးပမ်းချက် တစ်ရပ်ဖြစ်ကြောင်း သံတမန် အသိုင်းအဝိုင်းက ပြောကြားသည်။

လွန်ခဲ့သည့် နှစ်ရက်က ပြုလုပ်သော အိုင်အေအီးအေနှင့် ဆွေးနွေးပွဲသည် အပြုသဘောဆောင်ကြောင်း၊ သဘောတူညီမှု အချို့ရရှိခဲ့ကြောင်း၊ အနာဂတ်တွင်လည်း ဆက်လက်ဆွေးနွေးသွားမှာဖြစ်ကြောင်း အီရန်အဏုမြူစွမ်းအင်အဖွဲ့၏ ဒုတိယအကြီးအကဲ မိုဟာမက်ဆာအီဒီက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။



ကယ်လီဖိုးနီးယား ပြည်နယ် မိုဂျိုက်ဖ် လေယာဉ်ကွင်းတွင် အာကာသသို့ ခရီးသွားမည့်သူများအား ခေါ်ဆောင်သွားမည့် ဝှိုက်နိုက်-၂ အာကာသသွားယာဉ်ကို ဩဂုတ် ၁၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အနောက်အာဖရိကဒေသရှိ ဘူကီနာဖာဆိုတွင် ရွှေတွင်းမြေပြို၊ ၃၁ ဦး သေဆုံး

အူဂါဒူဂူ ဩဂုတ် ၁၂

ဘူကီနာဖာဆိုနိုင်ငံ၏ မြို့တော်အူဂါဒူဂူမြို့မှ ကီလိုမီတာ၅၀၀ (မိုင် ၃၁၀)အကွာရှိ ရွှေတူးဖော်ရေးလုပ်ငန်းခွင်တစ်ခုအတွင်း မြေပြိုကျမှုကြောင့် ရွှေတူးဖော်ရေး အလုပ်သမား အနည်းဆုံး ၃၁ ဦးသေဆုံးခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

ကယ်ဆယ်ရေးအဖွဲ့များသည် ဘူဆိုကူလာဒေသ အနောက်တောင်ပိုင်းရှိ မြေပြိုမှုဖြစ်ရာနေရာတွင် မြေများကို တူးဖော်ကာ အလုပ်သမားများအား ကယ်တင်နိုင်ရန် ကြိုးစားခဲ့ကြသည်။

သို့ရာတွင် ထိုအချိန်က မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးလာမှုကြောင့် ၎င်းတို့မှာ အသက်ရှင်ရန် အခွင့်အရေးဆုံးရှုံးခဲ့ရသည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

ဘူကီနာဖာဆိုနိုင်ငံတွင် စနစ်တကျ တည်ဆောက်ထားခြင်းမရှိသည့် ရွှေတူးဖော်ရေး လုပ်ငန်းများကြောင့် အလုပ်သမားများမှာ မကြာခဏ အသက်အန္တရာယ်နှင့် ရင်ဆိုင်နေကြရသည်။

စနစ်တကျ တည်ဆောက်ထားခြင်းမရှိသည့် ဥမင်လိုဏ်များသည် မိုးတွင်းကာလတွင် အလွယ်တကူ မြေပြိုမှုဖြစ်ပွားတတ်သဖြင့် ရွှေတူးဖော်ရေးလုပ်ငန်းများအား လာမည့်စက်တင်ဘာလ ၃၀ ရက်အထိ ရပ်နားထားကြရန် အစိုးရအဖွဲ့က ဇွန်လအတွင်း၌ တရားဝင် တားမြစ်ချက်ထုတ်ပြန်ထားခဲ့သည်။

အင်တာနက်။

ကြေးမုံ
The Mirror

နိုင်ငံ တကာ သတင်း များ

၁၀နှစ်အရွယ် မက္ကဆီကိုနိုင်ငံသား ပြင်သစ်တောင်ပိုင်း နွားရိုင်းသတ်ပြိုင်ပွဲ၌ ယှဉ်ပြိုင်

ပါရီ ဩဂုတ် ၁၂

အသက်(၁၀)နှစ်အရွယ်ရှိ မီချယ်လစ်ကိုသည် ပြင်သစ်နိုင်ငံတောင်ပိုင်း၌ပြုလုပ်သည့်နွားရိုင်းသတ်ပွဲတွင် အသက်အငယ်ဆုံးယှဉ်ပြိုင်သူတစ်ဦးဖြစ်သည်။ ၎င်းသည် ၎င်းထက်အသက်ကြီးသူများနှင့်အတူယှဉ်၍ ပြိုင်ပွဲဝင်သူဖြစ်သည်။

ပြင်သစ်နွားရိုင်းပြိုင်ပွဲ ဆန့်ကျင်သူများအဖွဲ့က ၎င်းသည် ပြိုင်ပွဲဝင်ရန် မက္ကဆီကိုနိုင်ငံမှ ရောက်ရှိလာသူဖြစ်ပြီး ပြိုင်ပွဲကွင်းအတွင်းဝင်ရန်မှာ ၎င်း၏ အသက်အရွယ်သည် ငယ်လွန်းနေကြောင်း ပြောကြားသည်။ အဆိုပါ နွားရိုင်းသတ်ပွဲသည် စပိန်နိုင်ငံနှင့် ထိစပ်လျက်ရှိသော ပြင်သစ်နိုင်ငံတောင်ပိုင်း၌ ပြုလုပ်သည့် ရိုးရာပြိုင်ပွဲတစ်ခုဖြစ်သည်။ မီချယ်လစ်ကိုအား မိခင်မက္ကဆီကိုသူနှင့် ပြင်သစ်နွားရိုင်းသတ်သမား ဖခင်တို့မှ မက္ကဆီကိုနိုင်ငံ၌ မွေးဖွားခဲ့သည်။

အင်တာနက်။

ဂျော်ဂျီယာတွင် တိုက်ခိုက်မှုဖြစ်ပွားသည့်အတွက် ရေနံဈေးနှုန်းမြင့်တက်

လန်ဒန် ဩဂုတ် ၁၂

ရုရှားနှင့် ဂျော်ဂျီယာတို့အကြား တိုက်ခိုက်မှု ဖြစ်ပွားသည့်အတွက်ကြောင့် ကက်စ်ပီယန်ဒေသမှ ရေနံတင်ပို့မှုများကို ထိခိုက်လာရာ ရေနံဈေးနှုန်းများမြင့်တက်လာကြောင်း ဩဂုတ် ၁၁ ရက်က သိရသည်။

လာမည့် စက်တင်ဘာလအတွက် အမေရိကန် ရေနံကျဲဈေးနှုန်းမှာ တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၁၅ ဒသမ ၆၅ ရှိပြီး ၄၅ ဆင့် မြင့်တက်သွားသည်။ ယခင်က အမေရိကန် ရေနံကျဲတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၁၅ဒေါ်လာ သာရှိသည်။ ထို့ပြင် လန်ဒန်ဘရန်း ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၁၃ ဒသမ ၆၆ ရှိပြီး ၃၃ ဆင့်ထိ မြင့်တက်လာသည်ဟု သိရသည်။

ကော့ကေးဆက်ဒေသတွင်တိုက်ခိုက်မှုများဖြစ်ပွားခဲ့သော်လည်း ဩဂုတ် ၈ ရက်က ရေနံဈေးနှုန်း အမေရိကန်ဒေါ်လာ ငါးဒေါ်လာကျော်အထိ ကျဆင်းသွားခဲ့သည်။ ကော့ကေးဆက်ဒေသသည် ကက်စ်ပီယန်ဒေသမှ ရေနံနှင့် ဓာတ်ငွေ့များ တင်ပို့ရာလမ်းကြောင်းပေါ်တွင် တည်ရှိသည့် အဓိကဒေသတစ်ခုဖြစ်သည်။

ဂျော်ဂျီယာတွင် တိုက်ခိုက်မှုများ ဖြစ်ပွားသည့်အတွက် ရေနံများ ပိုက်လိုင်းမှတစ်ဆင့် တင်ပို့မှုကိုလည်း ထိခိုက်လာခဲ့သည်။ ထို့ပြင် ရေနံဈေးနှုန်း မြင့်တက်လာနိုင်သော်လည်း ဆိုးဆိုးရွားရွားမြင့်တက်လာမည်မဟုတ်ကြောင်း ရေနံဆိုင်ရာ ကျွမ်းကျင်ပညာရှင် စီမွန်ဝါဒယ်လ်က ပြောကြားသည်။

ကမ္ဘာပေါ်တွင် ရေနံဒုတိယအများဆုံး သုံးစွဲသည့် တရုတ်နိုင်ငံသည် ဇူလိုင်လအတွင်းက ဝယ်လိုအားသည် ၇ရာခိုင်နှုန်းအထိ မျှော်လင့်မထားဘဲ ကျဆင်းသွားကြောင်း၊ ယင်းကျဆင်းမှုမှာ ခုနစ်လအတွင်း၌ အနိမ့်ဆုံးအဆင့်သို့ ရောက်ရှိသွားကြောင်း ဖော်ပြထားသည်။

အပြည်ပြည်ဆိုင်ရာစွမ်းအင်အေဂျင်စီမှ ဩဂုတ်လ ၁၂ရက်က ထွက်ပေါ်လာသည့် စာရင်းအင်းများအရ ရေနံဝယ်လိုအားမှာ အနိမ့်ဘက်သို့ ကျဆင်းနေကြောင်း ပြသထားသည်။

အမ်အင်အေ၊ရိုက်တာ။

တောင်ပိုင်းအော်ဆက်တီးယားဒေသ မြို့တော်တပ်ရှ်ကင်ဗာလီတွင် ပျက်စီးနေသော ဂျော်ဂျီယာ တင့်ကားနှစ်စီးကို ဩဂုတ် ၁၀ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကနေဒါအနောက်ပိုင်း၌ ရဟတ်ယာဉ်ပျက်ကျ လိုက်ပါလာသူလေးဦး သေဆုံး

အော့တဝါ ဩဂုတ် ၁၂

ကနေဒါနိုင်ငံ ဗြိတိန် ကိုလံဘီယာပြည်နယ်တွင် ဗုဒ္ဓဟူးနေ့က ရဟတ်ယာဉ်တစ်စင်း ပျက်ကျရာ လိုက်ပါလာသူ လေးဦးစလုံး သေဆုံးကြောင်း ရဲတပ်ဖွဲ့က အတည်ပြု ပြောကြားသည်။

သတင်းထုတ်ပြန်

ထိုရဟတ်ယာဉ်ပေါ်တွင် လိုက်ပါလာသူလေးဦးစလုံးကို ရှာဖွေတွေ့ရှိထား၍ သေဆုံးကြောင်း အတည်ပြုခဲ့သည်ဟု တပ်ဖွဲ့ဝင် ခရီစတာဗို့စ်၏ ပြောကြားချက်ကို ပရင့်ရူပက်ဆိပ်ကမ်းမြို့မှ သတင်းထုတ်ပြန်ခဲ့သည်။

ရဟတ်ယာဉ်သည် ပရင့်ရူပက်ဒေသ အရှေ့မြောက်ပိုင်း ကီလိုမီတာ ၁၅၀အကွာတွင် ပျက်ကျခဲ့သည်။ ထိုနေရာသည် ရေကြောင်း လေကြောင်းဖြင့်သာ သွားရောက်နိုင်သည့် နေရာဖြစ်သည်ဟု ဗို့စ်က ပြောကြားသည်။ လေယာဉ်ပျက်ကျရသည့် အကြောင်းရင်းကို ကနေဒါနိုင်ငံ သယ်ယူပို့ဆောင်ရေး ဘေးအန္တရာယ်ကင်းရှင်းရေးအဖွဲ့က စတင် စုံစမ်းလျက်ရှိသည်။

အင်တာနက်။

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ပြုလုပ်သည့် ဖက်ရှင်ပြပွဲတွင် ပါဝင် ပြသသူများကို ဩဂုတ် ၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဂျာမန် ခရီးသွားနှစ်ဦးကို ဆိုမာလီယာပင်လယ်ဓားပြများ ပြန်လွှတ်ပေး

ဘိုဝမ်ဆို ဩဂုတ် ၁၂

ဆိုမာလီမြောက်ပိုင်းတွင် ဇွန်လကတည်းက ဖမ်းဆီးခဲ့သော ဂျာမန်ခရီးသွားနှစ်ဦးကို ပင်လယ်ဓားပြများက သောကြာနေ့တွင် ပြန်လွှတ်ပေးလိုက်ပြီဟု ထိုဒေသမှ ရပ်မိရပ်ဖလူကြီးများ၊ ဓားပြများနှင့်နီးစပ်သော အသိုင်းအဝိုင်းက ပြောကြားသည်။ယခုအပတ်အတွင်း ပန့်လင်းဒေသမှ ရပ်မိရပ်ဖ လူကြီးများက ပြန်ပေးဆွဲငွေများကို ပြန်ပေးဆွဲသမားများ လာယူနိုင်ရန် စီစဉ်ပေးသောကြောင့် ဂျာမန်နှစ်ဦး လွတ်မြောက်ရေး မျှော်လင့်ချက်မှာ ကြီးမားလာခဲ့သည်။

ယူဆွတ်ဆိုသူ ဒေသခံတစ်ဦးက သူသည်ဓားပြဂိုဏ်းနှင့် လုပ်ဖော်ကိုင်ဖက်တစ်ဦးဖြစ်ကြောင်း၊ ပြန်ပေးဆွဲငွေ အမေရိကန်ဒေါ်လာ တစ်သန်းအား ၎င်းတို့ ပုန်းခိုရာ တောင်ပေါ်သို့ သယ်ယူသောအုပ်စု၏ အဖွဲ့ဝင်တစ်ဦးဖြစ်ကြောင်း ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်
☆ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်
☆ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက် ဗီယက်နမ် ကာကွယ်ရေးဝန်ကြီးနှင့် ဇနီးတို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ အား ပို့ဆောင်နှုတ်ဆက်

နေပြည်တော် ဩဂုတ် ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် နေပြည်တော်၌ ရောက်ရှိနေပြီး ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာသွားမည့် ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး General, Phung Quang Thanh နှင့် ဇနီး Mrs. Tran Thi Loc တို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၈နာရီ ၁၅မိနစ်တွင် နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ရောက်ရှိ

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်နှင့် ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး General, Phung Quang Thanh နှင့် ဇနီး Mrs. Tran Thi Loc တို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တို့သည် မော်တော်ယာဉ်များဖြင့် နေပြည်တော်လေဆိပ်သို့ ရောက်ရှိလာကြသည်။

ထို့နောက် လေဆိပ်ဧည့်ခန်းမ၌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး General, Phung Quang Thanh အား ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းဓာတ်ပုံအယ်လ်ဘမ်ကို **စာမျက်နှာ ၈ ကော်လံ ၁ သို့ ▲**

ပေကျင်းအိုလံပစ်ပွဲတော် ဖွင့်ပွဲအခမ်းအနားမှ ကြယ်ပွင့်ကလေးများ

ပေကျင်းအိုလံပစ်အားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားမှ 'လင်'၏ တေးသီဆိုဟန်။

ပေကျင်း ဩဂုတ် ၁၂

ပေကျင်း အိုလံပစ်အားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၈ ရက်က ကြီးကျယ်ခမ်းနားထည်ဝါလှပစွာ ကျင်းပခဲ့ရာအဆိုပါအခမ်းအနားတွင်အနီရောင်ဝတ်စုံကလေးကိုဝတ်ဆင်၍ကျစ်ဆံမြီးကလေးများ ဆင်ယင်ထုံးဖွဲ့လျက် "အမိမြေဘွဲ့တေး" ကို သီဆိုတင်ဆက်ခဲ့သည့် အသက်ကိုးနှစ်အရွယ်မိန်းကလေးငယ်ကို ကမ္ဘာတစ်ဝန်းမှ ကြည့်ရှုအားပေးခဲ့ကြသည့် ပရိသတ်များက မေတ္တာသက်ဝင် ချစ်ခင်ခဲ့ကြသည်။

အမှန်စင်စစ်အားဖြင့် အဆိုပါတေးကို သီဆိုသူမှာ လင်မီယန်အုတ် အမည်ရှိ အဆိုပါ မိန်းကလေးမဟုတ်ဘဲ အသက်ခုနစ်နှစ်သာ ရှိသေးသည့် "ယန်ယေယိ" အမည်ရှိ အခြားမိန်းကလေးငယ်တစ်ဦးသာ ဖြစ်ကြောင်း အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြထားသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖

ပို့ဆောင် နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်တို့ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့်ဆက်လက်ထွက်ခွာသွားမည့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံကာကွယ်ရေးဝန်ကြီး General, Phung Quang Thanh နှင့် ဇနီး Mrs. Tran Thi Loc တို့ ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)